ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 November 2016 (၈၇၃၃)

**မကောင်းမှုမပြုလျှင် စင်ကြယ်**

မကောင်းမှုကိုမိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်သောကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏။ သူတစ်ယောက်သည် အခြားသူတစ်ယောက်ကို (ကိလေသာအညစ်အကြေးမှ စင်ကြယ်အောင်)မသုတ်သင်နိုင်။ (မကောင်းမှုကိုမပြုဘဲ မိမိကိုယ်ကို စင်ကြယ်အောင် သုတ်သင်ထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၅)

**နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိခဲ့သည့် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပြည်သူများအချင်းချင်း ဆက်ဆံရေးမြှင့်တင်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေး**

စာမျက်နှာ - ၃

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများကိုအခြေခံ၍ ကြိုတင်ပြင်ဆင်မှုနှင့် ကြုံတွေ့ရမည့်အခက်အခဲများကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မည်ဖြစ်**

စာမျက်နှာ - ၃

**ပန်းရန်ဆရာကြီး ဂူဂူရဆာမိ၏ လက်ရာ တံခါးရွက် ၉၉ ချပ်ရှိ ရွှေဟောင်းဘုန်းတော်ကြီးကျောင်း**

စာမျက်နှာ - ၁၉

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ ဟာနေဒါအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

**တိုကျို နိုဝင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Masaki Yasumatsu နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရောက်ရှိကြရာ ဂျပန်ဝန်ကြီးချုပ်၏ စီးပွားရေးဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတိုအိဇုမိ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီဂူချီနှင့် မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဟာနေဒါ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Imperial Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ကုက္ကိုဝနှင့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိ တိုးပွားလာမည့် ရန်ကုန်မြို့လူဦးရေနှင့် မြို့သစ်မြို့နယ်များ၊ စက်မှုဇုန်များသို့ ရေလုံလောက်စွာပေးဝေနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

အနာဂတ်ကာလတွင် တိုးပွားလာမည့် ရန်ကုန်မြို့ပြလူဦးရေနှင့် လက်ရှိတွင် ရေရရှိမှုအခက်အခဲရှိနေသော မြို့သစ်မြို့နယ်များ၊ အကောင်အထည်ဖော်မည့် စက်မှုဇုန်များ၊ စီးပွားရေးဇုန်များသို့ ရေလုံလောက်စွာ ပေးဝေနိုင်ရန် ရေပေးဝေရေးစီမံကိန်းအသစ်များဖြစ်သော ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းနှင့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့ဧရိယာတွင် နေ့စဉ်ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိပြီး ယင်းမှာ မြို့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်ကိုသာ ပေးဝေနိုင်သေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအားလုံးသို့ ရေပေးဝေနိုင်ရေးနှင့် တိုးပွားလာမည့် လူဦးရေနှင့်အညီ ပေးဝေနိုင်ရေး၊ စက်မှုနယ်မြေများတွင် ရေရရှိရေးအတွက် ရေရှည်ရေပေးဝေရေးစီမံကိန်းများကို ပြည်ပနည်းပညာအကူအညီ၊ ချေးငွေအကူအညီများရယူကာ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယင်းစီမံကိန်းများတွင် ကုက္ကိုဝ မြစ်ရေပေးဝေရေးစီမံကိန်းသည် ရန်ကုန်-ပုသိမ် လမ်းမကြီး၏ မိုင်တိုင် ၁၆ မိုင် ၄ ဖာလုံ၊ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ကြေးမုံ

## နိုင်ငံ့စီးပွားဖွံ့ဖြိုးအောင်ကြိုးပမ်းအားထုတ်

လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံတော်၏မက်ခရိုစီးပွားရေး အခြေအနေအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)သည် ခန့်မှန်းထားသည်ထက် လျော့နည်းနိုင်ပြီး စီးပွားရေး တိုးတက်မှုနှုန်းသည်လည်း ခန့်မှန်းသည်ထက် လျော့နည်းနိုင်သည်ကို တွေ့ရှိရကြောင်း ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော် သမ္မတက ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေး နှေးကွေးကျပ်တည်းနေသည့် အချိန်ကာလတွင် အဘက်ဘက်က အားနည်းချို့ယွင်းခဲ့သော မြန်မာနိုင်ငံအား ပြန်လည် ဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရသည့် စီးပွားရေးနယ်ပယ်များတွင် အခက်အခဲအကျပ်အတည်းများစွာရှိနိုင်သည်။ ဘတ်ဂျက်လိုငွေပြနေသော နိုင်ငံတစ်နိုင်ငံအတွက် ဖွံ့ဖြိုးမှုနှေးကွေးနေမည်ဖြစ်ပြီး ဘတ်ဂျက်ပိုငွေပြမှသာ ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် ဘတ်ဂျက်လိုငွေနှင့်ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို အချိုးနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်ကြရသည်။ မိသားစုတစ်စုတွင် ဝင်ငွေနည်းပြီး ထွက်ငွေများပါက အကြွေးထူလာပြီး ချို့တဲ့ဆင်းရဲသွားသည်။ လိုအပ်သော ထွက်ငွေထက် ဝင်ငွေပိုများနေပါက စုဆောင်း ငွေများလာကာ ချမ်းသာကြွယ်ဝသူ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး လယ်ယာထွက်ကုန်တိုးတက်လျှင် စီးပွားရေးကောင်းလာသည်။ တစ်ချိန်က မြန်မာနိုင်ငံ၏ပို့ကုန်အားလုံး၏ ငါးပုံလေးပုံမှာ လယ်ယာထွက်ကုန်များ ဖြစ်သည်။ ယခုအခါ သဘာဝဘေးဒဏ်နှင့်လယ်ယာထွက်ကုန်အရည်အသွေးကျဆင်းမှုကြောင့် လယ်ယာထုတ်ကုန်ကျဆင်းသွားသည်။ သစ်တောကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းရန်အတွက် ထုတ်လုပ်မှုလျှော့ချထားသည်။ စွမ်းအင်ကဏ္ဍတွင်လည်း ကမ္ဘာနှင့်အဝှမ်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းမှုကြောင့် ရငွေများလျော့နည်းသွားသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်လည်း အလားတူပင်ဖြစ်သည်။

ထိုအခြေအနေတွင် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးလိုက်သည်ဆိုသော်လည်း အကျိုးသက်ရောက်မှုကို အချိန်ကာလတစ်ခုအထိ စောင့်ရဦးမည်ဖြစ်သည်။ ယခုအခါ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငွေကြေးတန်ဖိုးများအပေါ် ရိုက်ခတ်ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းမတည်ငြိမ်ဘဲ ဒေါ်လာဈေးနှုန်းမြင့်တက်မှုနှင့်ကြုံတွေ့နေရသည်။ သွင်းကုန်တန်ဖိုးမြင့်တက်ချိန်တွင် နိုင်ငံခြားငွေမြင့်မားခြင်းကြောင့် စီးပွားရေးတွင် အနုတ်လက္ခဏာဖြစ်ခဲ့သည်။

ဘတ်ဂျက်လိုငွေပြခြင်း၊ ထုတ်လုပ်မှု၊ စားသုံးမှု၊ ဝယ်လိုမှု၊ ရောင်းလိုမှု အခြေအနေတို့နှင့်ဆက်စပ်ပြီး ငွေကြေးဖောင်းပွမှုတို့ဖြစ်လာခြင်းသည် ယခုမှဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ နှစ်အဆက်ဆက်ဖြစ်ပေါ်လာခဲ့သော အကျိုးဆက်များဖြစ်သည်။ ယင်းလိုအပ်ချက်များကို ယခုအစိုးရလက်ထက်၌ အခက်အခဲအကျပ်အတည်း စိန်ခေါ်မှုများစွာကြားမှ ကြိုးပမ်းဆောင်ရွက်နေရသည်ကို နားလည်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိရန်၊ နိုင်ငံပိုင်လုပ်ငန်းများပြန်လည်တည်ဆောက်ရန်၊ ပြောင်းလဲနိုင်ရန် စသည့် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။ အစိုးရဌာနများအနေဖြင့် ရငွေများလျော့နည်းလာနိုင်သဖြင့် အသုံးစရိတ်များကို ချင့်ချိန်သုံးစွဲကြရန် အသိပေးထားပြီးဖြစ်သည်။

ထို့ကြောင့် ပြည်ပမှရရှိနိုင်သည့် ထောက်ပံ့ငွေနှင့်သက်သာသည့် ချေးငွေများအား စနစ်တကျသုံးစွဲရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတည်ငြိမ်မှုကို ဟန်ချက်ညီအောင်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနအလိုက် ထိန်းသိမ်းဆောင်ရွက်ကြရင်း နိုင်ငံတော်၏ နှစ်တို၊ နှစ်ရှည်၊ နှစ်စဉ်စီမံကိန်းများ အောင်မြင်အောင် ဌာနများသာမက ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# တတိယအကြိမ် အိုးအိမ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ အီကွေဒေါနိုင်ငံ ကွီတိုမြို့တွင် ကျင်းပသည့် Habitat III United Nations Conference on Housing and Sustainable Urban Development တတိယအကြိမ် အိုးအိမ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသို့ တက်ရောက်သည်။




ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Habitat III ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အီကွေဒေါနိုင်ငံ သမ္မတနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် UN-Habitat ၏ (International City Leader) Regional Meeting သို့ တက်ရောက် ဆွေးနွေးပြီး အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် UN-Habitat ညီလာခံသို့ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ လူနေမြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ကုလသမဂ္ဂမှ ချမှတ်မည့် New Urban Agenda ပါ ရှေ့လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်မည့် အစီအစဉ်များပါဝင်သည့် National Statement ကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် Roundtable "Adequate and Affordable Housing" High-Level ဆွေးနွေးပွဲသို့ တက်ရောက်ပြီး နိုင်ငံတကာမှ ပြသသည့် ပြခန်းများသို့ ဝင်ရောက်ကြည့်ရှုလေ့လာသည်။ အောက်တိုဘာ ၁၉ ရက်တွင် နယ်သာလန်အစိုးရ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသံအမတ်ကြီးမှ ဖိတ်ကြားသည့် မြစ်ဝကျွန်းပေါ်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး "Net Work" ဆွေးနွေးပွဲသို့ တက်ရောက်သည်။ ညနေပိုင်းတွင် UN-Habitat ၏ ဒုတိယအကြီးအကဲမှ ကြီးမှူးကျင်းပသော အဆင့်မြင့်ပုဂ္ဂိုလ်များပါဝင်သည့် "Implementing The New Urban Agenda at All Level and All Actors" High-Level Roundtable ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် UN-Habitat ၏ အကြီးအကဲ Executive Director Dr. John Clos နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ONE UN Pavilion ပြခန်း၌ ကျင်းပသည့် UN-Habitat ၏ Urban Planning and Design Lab အစီအစဉ်အဖြစ် ထုတ်လုပ်သော စာအုပ်မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ UN-Habitat မှ မြို့ပြသုတေသန လုပ်ငန်းအစီအစဉ်အဖြစ် နိုင်ငံငါးနိုင်ငံတွင် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်၊ ထန်းတပင်(လှိုင်သာယာ) မြို့ပြစီမံကိန်းအား နယ်သာလန်နိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် အစီအစဉ်လည်းပါဝင်ပြီး UN-Habitat ၏ Urban Planning Principle များကို အသုံးပြု၍ မြို့ပြတိုးချဲ့ရေးစီမံကိန်းများတွင် အခြေခံအဆောက်အအုံလိုအပ်ချက်များအတွက် မြေနေရာများ လျာထားနိုင်ရန် အဆင့်ဆင့် စီမံကိန်းရေးဆွဲခြင်း နည်းစနစ်များကို လုပ်ငန်းခွင် သင်ကြားရေး အစီအစဉ်များဖြင့် မြန်မာနိုင်ငံမှ မြို့ပြစီမံကိန်းရေးဆွဲသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဇင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အီကွေဒေါနိုင်ငံ ကွီတိုမြို့မှ လေယာဉ်ဖြင့် ထွက်ခွာပြီး အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ ရောက်ရှိခဲ့သည်။ **(သတင်းစဉ်)**

## ယာဉ်မတော်တဆမှုကြောင့်ဒဏ်ရာရသူများ ကယ်တင်ခြင်းနှင့် ကြိုတင်ကာကွယ်မှုဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်း ရှင်းရေးအဖွဲ့ (MORS) နှင့် Allengers Medical Systems Limited တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကယ်တင်ကုသခြင်းနှင့် ကြိုတင်ကာကွယ်မှု အကြောင်း ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၅ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ ခုပ်ဖူစားသောက်ဆိုင်ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ရန်ကုန်ဆေးရုံကြီးမှဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှဆရာဝန်ကြီးများ၊ အရေးပေါ်လူနာကယ်တင်ကုသပို့ဆောင်ရေးဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံယာဉ် လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS)မှ ပညာရှင်များက ရှင်းလင်းဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(အောင်သူရ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**သိန္နီ နိုဝင်ဘာ ၁**

သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဌာနဝန်ထမ်းများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား သိန္နီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးတို့က သိန္နီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းနှင့် ရောင်စဉ်ပွင့်သစ်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ သိန္နီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီတာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထား၍ စံချိန်စံညွှန်းပြည့်မီစွာ လုပ်ကိုင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**(ကိုကိုလတ်)**

## ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်ဖြစ်လာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းရသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ကြေးမုံ
မနေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိခဲ့သည့် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပြည်သူများအချင်းချင်း ဆက်ဆံရေးမြှင့်တင်နိုင်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Sunil Lanba, PVSM, AVSM, ADC နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိခဲ့သည့် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပြည်သူများ အချင်းချင်းအကြား ဆက်ဆံရေးမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား၊ နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှုမြှင့်တင်ရေး၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ အိန္ဒိယခရီးစဉ်အတွင်း သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နယ်မြေချင်း၊ ရေမြေချင်း ထိစပ်နေသည့်အတွက် တည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပင်လယ်ပြင် လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် သိပ္ပံနည်းပညာကဏ္ဍများတွင် ထောက်ပံ့ကူညီမှုများ မြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာတော်သင်များ တိုးမြှင့်သွားရောက်နိုင်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများကိုအခြေခံ၍ ကြိုတင်ပြင်ဆင်မှုနှင့် ကြုံတွေ့ရမည့်အခက်အခဲများကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁**

ဘေးဒဏ်မှလျော့နည်းသက်သာရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ဘေးအန္တရာယ်ဖြစ်လာပါက ချက်ချင်းစီမံဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားခြင်းဖြင့် ဘေးမဖြစ်မီ၊ ဘေးဖြစ်ဆဲ၊ ဘေးဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အချိတ်အဆက်မိမိနှင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်အလိုက် ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာစီမံချက်များကို မိမိဒေသ၏ လိုအပ်ချက်နှင့်အညီရေးဆွဲပြုစုထားကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အရှိန်မြှင့်တင်ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ဘက်စုံကဏ္ဍစုံမှ ပြောင်းလဲတိုးတက်မှုများကို ဖော်ဆောင်လျက်ရှိရာတွင် သဘာဝဘေးဒဏ်အား ကြံ့ကြံ့ခံနိုင်မှုမရှိပါက ထိခိုက်ဆုံးရှုံးမှု များပြားသကဲ့သို့ ပြန်လည်ထူထောင်မှုပြုသည့်နေရာတွင်လည်း အချိန်အား၊ ငွေအား၊ အရင်းအမြစ်အင်အား အများအပြား အသုံးပြုရမည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် သဘာဝဘေးဖြစ်ပွားခဲ့မှု ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြည့်ပါက အယ်နီညိုရာသီဥတုနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့သည့် ရေရှားပါးပြတ်လပ်မှုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်သူကို မျက်မှောက်ပြု၍ ပံ့ပိုးကူညီခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရေရှည်အတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးသီးကြွေကျမှုနှင့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များတွင် နေရာအနှံ့ ကျယ်ပြန့်စွာ ဘေးသင့်ခဲ့မှုကြောင့် ဘေးသင့်ချိန်နှင့် ထောက်ပံ့ချိန် ကွာခြားမှုနည်းရန် ကြိုးစားဆောင်ရွက်မှုခက်ခဲခြင်း၊ ဘေးဒဏ်ခံနေအိမ်များ ဆောက်လုပ်ရန် လိုအပ်ချက်ပိုမိုပေါ်လွင်ခြင်းတို့ကိုလည်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ရေဘေးဖြစ်ပွားမှုများတွင် ဒေသခံလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အမြန်ဆုံးထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်ကို အားသာချက်အနေဖြင့် တွေ့ရှိရသည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့်စပ်လျဉ်း၍ ပျော့ပျောင်းသည့် မူဝါဒချမှတ်ပြီး ကူညီထောက်ပံ့ပေးရန် လိုလားချက်များ ရှိနေခြင်းတို့ကို တွေ့ရှိရပါကြောင်း။



အဆိုပါသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် ပြီးခဲ့သည့်လက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ခဲ့သော အမြန်ရေယာဉ်နစ်မြုပ်မှုတွင် နိုင်ငံ့ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ၏ အသက်များမဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်ကို တွေ့ရှိကြမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးစသည့် ရေလမ်းကြောင်း အလေးထားအသုံးပြုရသော အရပ်ဒေသများတွင် အလားတူဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အလားတူဖြစ်စဉ်များ မဖြစ်ပွားရန် ဆက်နွှယ်ပတ်သက်သူများက လိုအပ်သည့်စည်းမျဉ်း စည်းကမ်းများ၊ ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်သွားရန်လိုအပ်သည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအသုံးပြုပြီး ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတိထားသင့်သည့် အချက်များကိုလည်း ယခုအစည်းအဝေးတွင် မှာကြားလိုပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ အခန်း (၇)ပါပုဒ်မများအရ ငွေစာရင်းဖွင့်လှစ်ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများရေးဆွဲခြင်း၊ ရန်ပုံငွေများစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တင်ပြတောင်းခံလာပါကလည်း လိုအပ်မှုအခြေအနေကိုစိစစ်ပြီး စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း၊ အဆိုပါရန်ပုံငွေမှ ထောက်ပံ့ပေးမှုများအားသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲသွားကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ပုံမှန်မဟုတ် ပြင်းထန်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တွေ့ရှိနေရပါကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သဘာဝကြောင့်ဖြစ်သော Natural Disaster နှင့် လူတို့ကြောင့်ဖြစ်သော Man- made Disaster ဟု နှစ်မျိုးရှိပါကြောင်း၊ Natural Disaster တွင် မိုးလေဝသနှင့် ဇလဗေဒအကြောင်းအရာများကြောင့် ဖြစ်ပွားသော လေမုန်တိုင်း၊ ရေဘေး၊ ဘူမိဗေဒနှင့် ပထဝီအနေအထားဆိုင်ရာ အခြေခံအကြောင်းအရာများကြောင့် မြေငလျင်၊ ဆူနာမီ၊ မြေပြိုဘေးများ ဖြစ်ပွားရသည့်အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် တောမီးလောင်ခြင်း၊ မြူခိုးငွေ့ဘေးအန္တရာယ်များ ဖြစ်ပွားပါကြောင်း၊ Man-made Disaster တွင် Technological, Industrial Accident, Security Related များမှ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များ ပါဝင်ပါကြောင်း၊ မည်သည့်ဘေးအန္တရာယ်မဆို ကြိုတင်ပြင်ဆင်ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်သောဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် အမြန်တုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းစသည့် အဆင့်လေးဆင့်ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးပြည့်မီစွာ တည်ဆောက်၍ တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်နေမှုများ၊ ဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြီးခဲ့သည့်မိုးတွင်းကာလအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များ၊ နာဂဒေသအတွင်း ဖြစ်ပွားခဲ့သည့် ရောဂါများနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များကို နိုင်ငံတော်နှင့်အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးဖြစ်စဉ်များအနက် ရေဘေးနှင့်ပတ်သက်သောဖြစ်စဉ်ကို ပြန်လည်ဆန်းစစ်ကြည့်သည့်အခါတွင် မိုးရွာသွန်းမှုများ၌ မိုးရေချိန်လက်မကွာခြားမှုရှိသည်ကို မတွေ့ရသော်လည်း မြစ်ချောင်းများ၏ မြစ်ကြမ်းပြင် မြင့်တက်လာမှုနှင့် နုန်းမြေပို့ချမှုများလာသည်နှင့်အမျှ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါနုန်းမြေပို့ချမှု ဖြစ်ပေါ်ရခြင်းသည် သစ်တောပြုန်းတီးမှုနှင့် ဓာတ်သတ္တုတူးဖော်မှုသည် အဓိကဖြစ်သည်ကို သုံးသပ်ရပါကြောင်း။

ရေရှည်ရင်ဆိုင်ကြုံတွေ့နေရမည့် ကိစ္စဖြစ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်နွှယ်ဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပြီး နိုင်ငံ၏ အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ငွေကျပ် ၂၂ ဘီလီယံကျော်ကို တင်ပြထားပြီးရရှိလာမည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများကိုအခြေခံ၍ လာမည့်အနာဂတ်ကာလအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်မှုနှင့် ကြုံတွေ့ရမည့်အခက်အခဲများကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးတွင်လည်း အတွေ့အကြုံကောင်းတစ်ခုအနေဖြင့် မှတ်ယူပြီး အကောင်းဆုံး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပြီး အမျိုးသားရေးတစ်ရပ်အနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါက ယခုပြဿနာများကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်တွင် အစ္စလာမ်ဘာသာဝင်များက ဟိန္ဒူဘုရားရှိခိုးကျောင်းနှင့် နေအိမ်များ တိုက်ခိုက်ဖျက်ဆီး

**ဒါကာ နိုဝင်ဘာ ၁**

လူမှုကွန်ရက်တစ်ခုပေါ်တင်ထားသည့် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ဒေါသဖြစ်နေကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်းရှိ အစ္စလာမ်ဘာသာဝင်ရာပေါင်းများစွာက ဟိန္ဒူဘုရားရှိခိုးကျောင်းများနှင့် ဟိန္ဒူဘာသာဝင်တို့၏ နေအိမ်များကို တိုက်ခိုက်ဖျက်ဆီးသည့် အုပ်စုလိုက်အကြမ်းဖက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုတွင်ပါဝင်သည်ဟု သံသယရှိသည့် လူ ၁၅ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ အစ္စလာမ်ဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေရာတစ်ခုဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့ရှိ ကားဘာ ဘာသာသာရေးအဆောက်အအုံပေါ်တွင် ဟိန္ဒူရှိဗာနတ်သမီးရုပ်ရေးဆွဲထားသည့် ဓာတ်ပုံတစ်ပုံ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာပေါ်သို့ တင်ခဲ့သည့်ဂယက်ကြောင့် ပေါက်ကွဲဒေါသထွက်ကာ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

အဆိုပါဓာတ်ပုံ လူမှုကွန်ရက်ပေါ်တင်ခဲ့သည့်သတင်းသည် အစ္စလာမ်ဘာသာဝင်အများစုရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပျံ့နှံ့သွားခဲ့ပြီး တနင်္ဂနွေနေ့တွင် လူရာပေါင်းများစွာက ဒါကာမြို့တော် အရှေ့ဘက်ရှိ ဟိန္ဒူဘုရားရှိခိုးကျောင်းများနှင့် ဟိန္ဒူဘာသာဝင်တို့၏ နေအိမ်များကို နှစ်နာရီခန့်ကြာဆူပူအကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်ခဲ့ကြသည်ဟု ဒေသဆိုင်ရာ ရဲအရာရှိအဗ္ဗဒူခရင်က ပြောကြားသည်။

လူနေအိမ် အလုံး ၁၀၀ ခန့်နှင့် ဟိန္ဒူဘုရားရှိခိုးကျောင်း ငါးကျောင်းလုယက်ဖျက်ဆီးခံရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အဓိကရုဏ်းတွင် ပါဝင်ခဲ့သူအချို့က စိတ်အနှောင့်အယှက်ဖြစ်စေသည့် အဆိုပါဓာတ်ပုံကို အသက် (၂၇)နှစ်အရွယ် အမျိုးသားတစ်ဦးတင်ခဲ့သည်ဟု ထင်မြင်ယူဆခဲ့ကြသော်လည်း ရဲတပ်ဖွဲ့က အခိုင်အမာ စွပ်စွဲခြင်းမရှိသေးဘဲ စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု အဗ္ဗဒူခရင်က ပြောကြားသည်။

ဒါကာမြို့အရှေ့ဘက် ကီလိုမီတာ ၁၅၀ အကွာ(၉၄ မိုင်) ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် အဆိုပါဒေသသို့ ရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်



အရန်တပ်ကူအဖွဲ့များ ဖြန့်ကြက်ချထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအကြား ဖျက်ဆီးတိုက်ခိုက်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းများသည် ထူးခြားသောဖြစ်ရပ်ဟု ယူဆရသော်လည်း အစွန်းရောက်အစ္စလာမ္မစ်စစ်သွေးကြွများက လူနည်းစုဘာသာဝင်များနှင့် ဘာသာမဲ့များကို ပစ်မှတ်ထားတိုက်ခိုက်သည့်အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည်။

၂၀၁၂ ခုနှစ်ကလည်း ပင်လယ်ကမ်းခြေမြို့ဖြစ်သော ကော့ဘဇားမြို့တွင် အစ္စလာမ်ဘာသာဝင်များ က ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

**arabnews**



# ဖိလစ်ပိုင်သို့ ရိုင်ဖယ်သေနတ်များ ရောင်းချပေးမည့် အစီအစဉ် အမေရိကန်ရပ်ဆိုင်း

**ဝါရှင်တန် နိုဝင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားရဲတပ်ဖွဲ့အတွက် ချေမှုန်းရေးရိုင်ဖယ်သေနတ်များ ရောင်းချပေးမှုကို မိမိဆန့်ကျင်သည်ဟု အမေရိကန်အထက်လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေးဌာနက ဖိလစ်ပိုင်နိုင်ငံသို့ သေနတ်များ ရောင်းချပေးမည့်အစီအစဉ်ကို ရပ်ဆိုင်းထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသဖြင့် ယင်းနိုင်ငံ၏ အမျိုးသားရဲတပ်ဖွဲ့အတွက် ချေမှုန်းရေးရိုင်ဖယ်သေနတ်အလက်ပေါင်း ၂၆၀၀၀ ခန့် ရောင်းချပေးမည့် အစီအစဉ်ကို ရပ်ဆိုင်းထားလိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်အထက်လွှတ်တော်၏ နိုင်ငံခြားဆက်ဆံရေးကော်မတီမှ ထိပ်တန်းဒီမိုကရက် အမတ်တစ်ဦးဖြစ်သူ ကာဒင်က ဖိလစ်ပိုင်သို့ သေနတ်များ ရောင်းချမှုကို ကန့်ကွက်မည်ဟု ပြောကြားခဲ့ကြောင်း အဆိုပါအမတ်၏ လက်ထောက်များက ပြောကြားကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတ ရိုဒရစ်ဂိုဒူတာတေး၏ အစိုးရအဖွဲ့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ခပ်ကြမ်းကြမ်း ကိုင်တွယ်ဆောင်ရွက်မှုကို အမေရိကန်အစိုးရက ဝေဖန်ခဲ့ရာမှ အမေရိကန်အစိုးရကို သမ္မတဒူတာတေးက ဒေါသတကြီး ပြန်လည်တုံ့ပြန်ပြောဆိုခဲ့သဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံထံသို့ ချေမှုန်းရေး ရိုင်ဖယ်သေနတ်များ ရောင်းချပေးမှုကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် မိမိတို့အနေဖြင့် အခြားသော နိုင်ငံများထံမှ လက်နက်ဝယ်ယူရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြန်ကြားရေးအတွင်းဝန် မာတင်အင်ဒါနာက ပြောကြားသည်။ **ရိုက်တာ။**

# တရုတ်နိုင်ငံ၏ အကြီးဆုံးလေကြောင်းပြပွဲတွင် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်သစ်ကို ပြသ

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံက ထုတ်လုပ်သည့် ခေတ်မီနည်းပညာသုံး ကိုယ်ပျောက်တိုက်လေယာဉ် အမျိုးအစားသစ်ဖြစ်သည့် ချန်ဒူး ဂျေ-၂၀ လေယာဉ်ကို နိုဝင်ဘာ ၁ ရက်တွင် ကျင်းပသည့် လေကြောင်းပြပွဲတွင် အများပြည်သူတို့အား ပထမဆုံးအကြိမ် ခင်းကျင်းပြသခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ပြသဖူးသမျှ လေကြောင်းပြပွဲများအနက် အကြီးကျယ်ဆုံး လေကြောင်းပြပွဲကို နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကျူဟိုင်းမြို့တွင် ကျင်းပလျက်ရှိသည်။



မြို့ပြလေကြောင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကား မြှင့်တင်နိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်လျက် လေကြောင်းပြပွဲကို ပြုလုပ်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် လာမည့် ဆယ်စုနှစ်အရောက်တွင် ကမ္ဘာ့အကြီးဆုံး မြို့ပြလေကြောင်းဈေးကွက်တည်ရာ နိုင်ငံအဆင့်အတန်းကို အမေရိကန်ပြည်ထောင်စုထံမှ လွှဲပြောင်းယူရန် တာစူလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး လေယာဉ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းကလည်း အရပ်ဘက်သုံး လေယာဉ်သစ်များကို ခင်းကျင်းပြသသည်။

တရုတ်နိုင်ငံသည် လာမည့် ဆယ်စုနှစ် နှစ်စုတာကာလအတွင်း ကမ္ဘာ့လေယာဉ်ဝယ်လိုအား၏ ငါးပုံတစ်ပုံနီးပါးကို ကိုယ်စားပြုသည့် နိုင်ငံအဖြစ် မြို့ပြလေကြောင်းဈေးကွက်ကြီး တည်ရှိလာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**ရိုက်တာ။**

# အယ်လ်ဘားမားပြည်နယ်၌ ဓာတ်ဆီပိုက်လိုင်းပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ရှယ်ဘီ(အယ်လ်ဘားမား) နိုဝင်ဘာ ၁**

အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ် ရှယ်ဘီမြို့၌ ဓာတ်ဆီတင်ပို့သော ပိုက်လိုင်းတစ်လိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားရာ အလုပ်သမားတစ်ဦး သေဆုံးကာ အလုပ်သမားငါးဦး ဆေးရုံသို့ တင်ပို့ပေးလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဓာတ်ဆီတင်ပို့ရာတွင် အသုံးပြုသော ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အလုပ်သမားကိုးဦးမှာ ပိုက်လိုင်းကို ပြုပြင်ထိန်းသိမ်းနေချိန်ဖြစ်ကြောင်း၊ အလုပ်သမားများ အသုံးပြုသော မြေတူးစက်၏ ကရိန်းလက်တံက ပိုက်လိုင်းကို ရိုက်မိရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ရောဘတ်ဘင်တလေက ပြောကြားသည်။

**ရိုက်တာ။**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၈-၁၀-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၉-၂၀၁၆ ရက်နေ့မှ ၁၄-၁၀-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ နှစ်ဦး၊ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း ခြောက်ဦး၊ အထွေထွေ လေးဦး ပေါင်း ၁၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ သုံးဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၈၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၆၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၃၉၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နှစ်နိုင်ငံမီဒီယာကဏ္ဍအတွေ့အကြုံတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပါကစ္စတန်နိုင်ငံ National Management College မှ ကျောင်းအုပ်ကြီး Mr. Naeem Aslam၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth တို့ ဦးဆောင်သော National Management College မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိပြောင်းလဲဆောင်ရွက်နေမှုများ၊ သတင်းထုတ်ပြန်မှုဆိုင်ရာကိစ္စရပ်များ၊ အစိုးရသစ်လက်ထက်တွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် နှစ်နိုင်ငံမီဒီယာကဏ္ဍအတွေ့အကြုံတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေ့စဉ် ရေဂါလန် သန်း ၆၀ ဖြန့်ဝေမည့် ကုက္ကိုဝမြစ်ရေတင်စီမံကိန်းအား တွေ့ရစဉ်။

**❖ ရွှေ့ဖုံးမှ**

အညာစုကျေးရွာအနီး ထန်းတပင်မြို့နယ် ကုက္ကိုဝမြစ်ဘေးတွင်တည်ရှိပြီး လှိုင်မြစ်အနောက်ဘက်ကမ်းတွင် ရေရယူနိုင်မည့် အရင်းအမြစ်များကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းလေ့လာ၍ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

"လှိုင်မြစ်အနောက်ဘက်ကမ်းက လှိုင်သာယာမြို့နယ်အတွက် ရေပေးဝေနိုင်ဖို့လည်း အရေးကြီးပါတယ်။ လှိုင်သာယာမှာ စက်မှုဇုန်တွေအပါအဝင် နေ့စဉ် ရေလိုအပ်ချက်ဂါလန် ၁၀ သန်းခန့်လိုပါတယ်။ လက်ရှိ တစ်နေ့ကို ရေဂါလန် ၁ ဒသမ ၃ သန်းခန့်ကိုသာ ပေးနိုင်သေးပြီး မြို့နယ်တစ်ခုလုံး လိုအပ်ချက်ရဲ့ ၁၃ ရာခိုင်နှုန်းခန့်သာ ပေးဝေနိုင်တဲ့အတွက် အနာဂတ် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို မဖြစ်မနေ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ အလားတူ ဒဂုံမြို့သစ် မြို့နယ်တွေ၊ သာကေတ၊ ဒေါပုံ၊ သီလဝါအထူးစီးပွားရေးဇုန်တို့ကို ရေပေးဝေနိုင်ဖို့၊ ရေအားဖြည့်ပေးနိုင်ဖို့ကို လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှုဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုက္ကိုဝမြစ် ရေပေးဝေရေးစီမံကိန်းအတွက် မြေနေရာ စုဆောင်းဝယ်ယူလျက်ရှိပြီး ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည်။ အခြေခံအဆောက်အအုံစီမံကိန်းများကို ဆောင်ရွက်ခဲ့ပြီး ရေသန့်စင်စက်ရုံတည်ဆောက်ပြီးစီးပါက ရေပိုက်လိုင်းကြီးများ သွယ်တန်းခြင်း၊ ရေစုကန်များတည်ဆောက်ခြင်း၊ ရေဖြန့်ဖြူးကွန်ရက်အသစ်များ တည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းနှင့် မြို့ပတ်လမ်းထောင့် သုံးခွကျေးရွာအနီး မစိုချောင်းဘေးတွင်တည်ရှိပြီး ၂၀၁၃ ခုနှစ် မေ ၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ရေသန့်စင်မှုစနစ် ဒီဇိုင်းပုံစံကို JICA က ဆောင်ရွက်ပေးပြီး ခိုင်ခံ့မှုဒီဇိုင်းပုံစံကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်သည်။ လဂွန်းပြင်ရေလှောင်တမံမှ ရေသွယ်ယူမည့်လမ်းကြောင်းမှာ လဂွန်းပြင်ဆည်မှ Open Channel ဖြင့် ခရိန်ချောင်းအတိုင်း အမှတ်(၂) လမ်းအထိလည်းကောင်း၊ ယင်းမှတစ်ဆင့် ရှမ်းတဲကြီးချောင်းအတိုင်းမှ ငမိုးရိပ်ချောင်းအတိုင်းလည်းကောင်း၊ ယင်းမှ ငမိုးရိပ်ချောင်းအတိုင်း မြို့ပတ်လမ်း (စိတ်ကျန်းမာရေးဆေးရုံအနီး)တွင် ရေယူအဆောက်အအုံ ဆောက်လုပ်၍ ရေသန့်စင်စက်ရုံသို့ အဆင့်ဆင့်သယ်ယူကာ ရေသန့်စင် ပေးဝေသွားမည်ဖြစ်သည်။ ယင်းအတွက် ခရိန်ချောင်းရေကို ထိန်းသိမ်းရန် ပဲခူးမြစ်အနီး ရေထိန်းတံခါးတစ်ခု တည်ဆောက်ပြီးဖြစ်သည်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ ရရှိလာမည့် တစ်ရက် ရေဂါလန် သန်း ၄၀ ကို ဒဂုံမြို့သစ်မြို့နယ်များ၊ သာကေတ၊ ဒေါပုံမြို့နယ်တို့သို့ ရေအားဖြည့်ပေးဝေနိုင်မည်ဖြစ်ပြီး သီလဝါစီးပွားရေးဇုန်သို့လည်း တစ်ရက်လျှင် ရေဂါလန် ၁၀ သန်း ပေးဝေနိုင်မည်ဟု သိရသည်။ ယင်းစီမံကိန်းများကို လာမည့် ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်တွင် ပြီးစီးရန်လျာထားပြီး ရေဂါလန် သန်း ၁၀၀ ခန့် ရရှိပေးဝေနိုင်မည်ဖြစ်ရာ အနာဂတ် ရန်ကုန်မြို့ပြတွင် လူဦးရေ ၁၀ သန်းဖြစ်လာမည့် Mega City အတွက် တိုးတက်လာမည့် လူဦးရေနှင့် အညီ ၂၀၄၀ ပြည့်နှစ်တွင် ပြည့်စုံကောင်းမွန်စွာ နေထိုင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် မြို့ပြစီမံကိန်းများဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်မြို့ကို ရေပေးဝေလျက်ရှိသော ရေအရင်းအမြစ်များမှာ လှော်ကား၊ ဖူးကြီး၊ ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း အဆင့်(၁) နှင့် အဆင့်(၂)၊ အဝီစိတွင်းများအပါအဝင် နေ့စဉ် ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိပြီး ယင်းမှာ မြို့ပြလူထုလိုအပ်လျက်ရှိသော ရေလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းသာ ပေးဝေနိုင်သေးကြောင်း သိရသည်။ ယင်းကြောင့် ရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် စီမံကိန်းအသစ်များ အကောင်အထည်ဖော်ခြင်းအပြင် ပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ ကူညီထောက်ပံ့မှုများဖြင့် ရေလေလွင့်ပြုန်းတီးမှု လျှော့ကျရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ရေလေလွင့်ပြုန်းတီးမှုသည် ရေပေးဝေမှုတွင် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နေပြီး မိန်းရေပိုက်နှင့် ဝေးကွာနေသော မြို့နယ်များတွင် ရေရရှိမှုအခက်အခဲများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အလားတူ ရေသုံးစွဲမှုတွင် အိမ်ထောင်စုများအလိုက်၊ နေအိမ်များအလိုက် စနစ်တကျသုံးစွဲနိုင်မှုများ ဖြစ်ပေါ်စေရေးအတွက် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရေလေလွင့်ပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးကိုလည်း အများပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှုဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အိမ်ငှားပဲဖြစ်ဖြစ် အိမ်ပိုင်ပဲဖြစ်ဖြစ် အဓိကအနေနဲ့ ရေ ရ၊ မရ ကို ကြည့်ကြတယ်။ ရေ၊ မီး က အဓိက လိုအပ်ချက်ပဲ။ တစ်ရပ်ကွက်တည်းမှာတင် ရေမရတာတွေလည်း ကြုံရတယ်။ နောက် မီးပျက်ပြီဆိုရင် ရေလည်း မရနိုင်တော့ဘူး။ ညသန်းခေါင်၊ မနက်အစောကြီးတွေ ရေထတင်နေရတဲ့ဒုက္ခက ရန်ကုန်ကန်ထရိုက်တိုက်တွေမှာနေသူတွေရဲ့ နေ့စဉ်ဒုက္ခပေါ့။ နောက်တစ်ခုရှိသေးတယ်။ ရေခွန်ကောက်တဲ့ပုံစံ၊ ကွာတားအလိုက်ကောက်လိုက်၊ လအလိုက်ကောက်လိုက်နဲ့ ဘာမှန်းမသိဘူး။ မြေခွန်နဲ့ တခြားအခွန်တွေလည်း အဲဒီအတိုင်းပဲ။ ရှင်းရှင်းလင်းလင်း မဖြစ်ဘူးဖြစ်နေတယ်။ ပိုင်ရှင်အမည်တွေလည်း မှားလို့မှားနဲ့ ဆက်ဆံရေးတွေ ပြေပြေလည်လည် ဖြစ်စေချင်တယ်။ အဓိကလိုအပ်ချက်ကတော့ ရေနဲ့ လျှပ်စစ်မီးကို မှန်စေချင်တာပါပဲ" ဟု တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် နေထိုင်သူ အိမ်ခြံမြေအကျိုးဆောင် ဒေါ်ကြည်က ပြောသည်။

**သတင်း-ဆုနှင်းလှဲ့**
**ဓာတ်ပုံ - စောသိန်းဝင်း**

## ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**သီပေါ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သီပေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အရည်အချင်းရှိသော အုပ်ချုပ်ရေးသမားများဖြစ်ရန်၊ ပြည်သူလူထုအကျိုးကို မှန်ကန်စွာ သယ်ပိုးဆောင်ရွက်နိုင်စေရန်၊ မိမိတို့ဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများကို သဘောပေါက်ခံယူနားလည်ကြစေရန်၊ လုပ်ငန်းခွင်တွင် လက်တွေ့ဆောင်ရွက်ရာ၌ စွမ်းရည်ပြည့်ဝသော အုပ်ချုပ်ရေးသမားကောင်းများ ပေါ်ပေါက်လာစေရန်ယခုကဲ့သို့ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ရပ်/ကျေး လယ်ယာမြေနှင့် အခြားမြေများအတွက် စစ်ဆေးရေးကိစ္စရပ်များ၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဘာသာရပ်များကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ငါးရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပဋိပက္ခလုံးဝချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ


**နေပြည်တော် နိုဝင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည် အပတ်ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား ယနေ့ညနေ ပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ သွားရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၃ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ချိန်က သမ္မတကြီးနှင့်တွေ့ဆုံစဉ် ပြောကြား ခဲ့သည့် ပြုပြင်ပြောင်းလဲမှုသည် မောင်းနှင်အားဖြစ်၍ တည်ငြိမ်အေးချမ်းမှုသည် လိုအပ်ချက်ဖြစ်ပြီး ဖွံ့ဖြိုး တိုးတက်ရေးသည် ရည်မှန်းချက်ဖြစ်သည်ဆိုသည့် စကား နှင့်အညီ ဆောင်ရွက်ခဲ့မှုကြောင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံအနေဖြင့် တိုးတက်ပြောင်းလဲမှုများစွာရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ထိုက်သင့် သည့် တည်ငြိမ်အေးချမ်းမှုရရှိခဲ့သော်လည်း လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပဋိပက္ခလုံးဝချုပ်ငြိမ်း ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ကူညီမှုများအားလည်း ကျေးဇူးတင်ရှိ ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တတိယအကြိမ်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည်လည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အောင်မြင်သည့် တွေ့ဆုံဆွေးနွေးမှုများကြောင့် နက်ရှိုင်းစွာပူးပေါင်းဆောင် ရွက်မှုကို အားသစ်လောင်းနိုင်သည့် အကျိုးရှိသောခရီးစဉ် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏တည်ဆောက်မှု တည်ငြိမ် အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ဘဝ မြှင့်တင်မှုများအောင်မြင်စေရန် ဆုမွန်တောင်းကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နှစ်ဖက်တပ်မတော် တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရှိပါ ကြောင်း၊ ယခုထက် ပိုမိုအောင်မြင်စေရန် ကြိုးပမ်းဆောင် ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

### ❂ နယ်မြေတည်ငြိမ်အေးချမ်းလာ၍မှ

ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည့် ဒေသခံ ၁၀၀ ခန့်မှာ ၎င်းတို့ဆန္ဒအလျောက် ယနေ့တွင် အမြန် ရေယာဉ်ဖြင့် စစ်တွေမြို့မှ ၎င်းတို့၏ နေရပ်ဒေသ အသီးသီးသို့ ပြန်လည်ထွက်ခွာကြရာ ရခိုင် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိ သူများက ပို့ဆောင်နှုတ်ဆက်အားပေးခဲ့ကြသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုအဖွဲ့အစည်း များက ငွေကြေးနှင့် စောင်၊ ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စစ်တွေမြို့ဧည့ဝတီဘောလုံးကွင်း၌ ဖွင့်လှစ် ထားသည့် ကယ်ဆယ်ရေးစခန်းတွင် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာသူ ၈၀၀ ခန့်အထိ ရှိခဲ့ ရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်သောကြောင့် ၎င်းတို့ဆန္ဒအလျောက် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာလျက် ရှိရာ ယခုအခါ ဧည့ဝတီကယ်ဆယ်ရေးစခန်းတွင် ဒုက္ခသည် ၁၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း၊ အဆိုပါကယ်ဆယ်ရေးစခန်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများတည်းခိုနေထိုင်နိုင်ရန် ယခင်က ကယ်ဆယ်ရေးရွက်ဖျင်တဲ ၃၆ လုံးဆောက်လုပ် ပေးထားရှိရာမှ ယခုအခါ မလိုအပ်တော့သည့် ရွက်ဖျင်တဲများကို ပြန်လည်ဖြုတ်သိမ်းလျက်ရှိ ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တီးတိန်မြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွား



**နေပြည်တော် နိုဝင်ဘာ ၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာအနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၉ ရက် ည ၉ နာရီက ကလေး-သိုင်းငင်းကားလမ်း မိုင်တိုင်အမှတ်(၂၇/၃-၄)ကြား၌ အလျားပေ ၅၀၊ အနံ ၁၀ ပေနှင့် မိုင်တိုင်အမှတ်(၂၇/၇)နှင့်(၂၈/၀)ကြား၌ အလျားပေ ၅၀၊ အနံ ၁၀ ပေခန့် ကမ်းပါးယံ မြေသားများ ပြိုကျပိတ်ဆို့နေသဖြင့် တီးတိန်မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးမှ ဝန်ထမ်းများ၊ GOLDEN ICOM ကုမ္ပဏီမန်နေဂျာ ဦးနိုင်ထူးနှင့် ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့များက မြေထိုး စက်ခုနစ်စီး၊ မြေသယ်ယာဉ်ငါးစီးဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် လမ်းရှင်းလင်း ခြင်းလုပ်ငန်းများပြီးစီး၍ ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

### ❒ စီးပွားရေးမြို့တော်မှ

စီမံကိန်းဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ပထမမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(မြန်မာဗွီပိုင် အုပ်စု)က စာချုပ်များလက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော် မရှင်၏ ခွင့်ပြုချက်လည်းရရှိထားပြီးဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ ခေတ်မီကွန်ဗင်းရှင်းစင်တာဆောက်လုပ်ရန်အတွက် မြေတိုင်းတာ၍မြေနေရာ သတ်မှတ်ခြင်းများ၊ မြေသားစမ်းသပ်ခြင်းလုပ်ငန်းများ၊ မြေအောက်ယာဉ်ရပ်နား ရန်နေရာ အထပ်သုံးထပ်အတွက် မြေသားတူးဖော်ခြင်းလုပ်ငန်းများနှင့် ပိုင်ဝန် အားခံနိုင်မှုစမ်းသပ်ခြင်းလုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ ခေတ်မီကွန်ဗင်းရှင်းစင်တာ၏ဒီဇိုင်းတစ်ခုလုံးမှာလည်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကာ ပွင့်လင်းရာသီစတင်လျှင် ဘိုးပိုင်လုပ်ငန်းအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပထမမြန်မာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်(မြန်မာဗွီပိုင်အုပ်စု)ဥက္ကဋ္ဌ ဒေါက်တာစုံဟန်က ပြောကြားသည်။

"ကျွန်တော်တို့ကတော့ အခြေခံအဆောက်အအုံတွေနဲ့ ကွန်ဗင်းရှင်းစင်တာ အသစ်ကို ဆောက်လုပ်သွားမှာပါ။ အခြားစီးပွားရေးလုပ်ငန်းရှင်တွေကတော့ သူတို့ဘာဖွင့်ချင်လဲ၊ ဘာလုပ်ဆောင်ချင်ကြလဲဆိုတာနောက်မှ ကျွန်တော်တို့နဲ့ ချိတ်ဆက်ဆက်သွယ်ဆောင်ရွက်လာပါလိမ့်မယ်။ ကွန်ဗင်းရှင်းစင်တာအဟောင်း ကိုတော့ မဖျက်သိမ်းသေးဘဲ အဲအနီးက နေရာသီးသန့်မှာ လက်ရှိရှိနေတဲ့ ကွန်ဗင်းရှင်းစင်တာအဟောင်းထက် ငါးဆလောက်ကြီးမားတဲ့ကွန်ဗင်းရှင်း စင်တာအသစ်ကို ထည့်သွင်းဆောက်လုပ်သွားမှာပါ။ စီမံကိန်းကြီးပြီးစီးသွားပြီ ဆိုရင်တော့ နိုင်ငံတကာက လာရောက်ပြသကြမယ့် ကုန်စည်ပြပွဲများအပါအဝင် ကျင်းပကြမယ့် ညီလာခံများအတွက် လွန်စွာအကျိုးရှိစေမှာဖြစ်ပြီး မြန်မာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ထွန်းစေပါလိမ့်မယ်။ ပြီးတော့ဒီစီမံကိန်း ထဲမှာ အိုင်တီ Trade Center ကိုလည်း ထည့်သွင်းဆောက်လုပ်မှာဆိုတော့ ပြည်သူတွေအတွက် အသိပညာတွေ ပိုမိုတိုးတက်လာစေမှာဖြစ်တဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များစွာပေါ်ပေါက်လာပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

ခေတ်မီကွန်ဗင်းရှင်းစင်တာကို သတ်မှတ်ထားသည့်အချိန်တွင် ဆောင်ရွက်ပြီးစီးရန်အတွက် တတ်အားသမျှ ကြိုးစားပြီးဆောင်ရွက်လျက်ရှိ ကြောင်း၊ ခေတ်မီကွန်ဗင်းရှင်းစင်တာဆောက်လုပ်ခြင်းနှင့်အတူ ခေတ်မီဟိုတယ် တစ်လုံးတည်ဆောက်ရေးနှင့် Serviced Apartment များတည်ဆောက်ရေးကို လည်း လက်ရှိတစ်ဆက်တည်းလုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယဗဟိုစီးပွား ရေးဇုန်(မင်းဓမ္မ)စီမံကိန်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိ ရှိနေသောကွန်ဗင်းရှင်းစင်တာ ကိုလည်း တတ်နိုင်သမျှအချိန်ထိ မဖျက်သေးဘဲပြပွဲများနှင့် အခြားအစီအစဉ်များ ဆက်လက်လုပ်ဆောင်သွားနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ)စီမံကိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်မြေဖြစ်သည့် တော်ဝင်လမ်းနှင့်မင်းဓမ္မလမ်း အကြားရှိ အကျယ် ၃၆ ဒသမ ၅၅၁ ဧကအား ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပထမမြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(မြန်မာဗွီပိုင်အုပ်စု)က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်အားမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်များအရ ဖွံ့ဖြိုးရေးဇုန်ကြီးများအား လျာထားခဲ့ရာ ဒုတိယဗဟိုစီးပွား ရေးဇုန်(မင်းဓမ္မ) စီမံကိန်းတည်ဆောက်ရေးလည်းအပါအဝင် တစ်ခုဖြစ်လာခဲ့ ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်းဆောင်ရွက်ရန်အတွက် ကိုးမိုင်ရှိ ပြည်လမ်းနှင့် မင်းဓမ္မလမ်း အကြားရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေ၊ တပ်မတော်ပိုင်မြေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေ စုစုပေါင်း ၃၆၉ဒသမ ၄၅၅ ဧကအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထား သတ်မှတ်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**





စပါးခင်းအတွင်းမှ သိမ်းဆည်းရမိသည့် အမ်အေ-၁၁ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်အတောင့် ၂၀ တို့အား တွေ့ရစဉ်။

## မောင်တောမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် သေနတ်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် ယနေ့မွန်းလွဲပိုင်းက သက္ကယ်ပြင်ရွာနှင့် ဝါးပိတ်ရွာကြား စပါးခင်းအတွင်းမှ အမ်အေ-၁၁ သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်အတောင့် ၂၀ တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိသော သေနတ်မှာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ယူဆောင်သွားခဲ့ သည့် သေနတ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများအား နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိမိတို့တစ်ဦးချင်းစီ၏ လုံခြုံဘေးကင်းရေး မည်သူတာဝန်ယူမည်နည်း

## ခင်မောင်ဌေး(ပညာရေး)

လူ့ဘဝတွင် လူတိုင်းအတွက် အရေးကြီးဆုံးအရာမှာ ဘဝတွင်လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးပင် ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က တာဝန်ယူထားသည်။ ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူ့ရဲများက စောင့်ကြပ်ပေးလျက်ရှိသည်။

လူတစ်ဦးချင်းစီ၏ လုံခြုံရေးအတွက် မည်သူက တာဝန်ယူမည်နည်း။ ပြည်သူ့ရဲများ လူတစ်ဦးချင်းစီအတွက် လုံခြုံရေးတာဝန်ယူနိုင်ပြီလား။ ဖြစ်ပေါ်လာသမျှသော အမှုအခင်းများကို အမှုမှန်ဖော်ထုတ်နိုင်ပြီလား။ ပစ္စက္ခအခြေအနေများအရ လေ့လာဆန်းစစ်ကြည့်လျှင် လိုအပ်ချက်များစွာရှိနေသေးသည်။

သို့ဆိုလျှင် မိမိတို့တစ်ဦးချင်းအတွက် မိမိဘဝကို မိမိတို့လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး တာဝန်ယူကြရမည်ဖြစ်သည်။ တာဝန်အရှိဆုံးသည် မိမိသာ ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆိုင်ကယ်အများဆုံးစီးနိုင်သော နိုင်ငံတွင်ပါပါသည်။ ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင်ပါ ဆိုင်ကယ်စီးခွင့်ရရှိရေး ကြိုးပမ်းနေကြသည်ကို တွေ့ရ၏။ စီးနင်းခွင့်ပြုခြင်းနှင့် စည်းကမ်းလိုက်နာခြင်း၊ အပြစ်ပေးအရေးယူခြင်းများကို တွဲဖက်ထားသင့်၏။ ဆိုင်ကယ်မတော်တဆမှုများတွင် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုစီးနင်းခြင်းများရှိရာ မိမိတို့တစ်ဦးချင်းစီက မိမိတို့၏ လုံခြုံဘေးကင်းရေးကို ဂရုမမူကြပေ။ ထို့အတူ ကားမောင်းလျှင်လည်း ထိုင်ခုံခါးပတ်ပတ်သူရှားလှပါသည်။ နိုဝင်ဘာ ၁ ရက်မှစ၍ အရေးယူတော့မည်။

ယခုနှစ်ပိုင်းအတွင်း (၂၀၁၅-၂၀၁၆) သက်ငယ်မုဒိမ်းမှု များပြားလာသည်။ မိန်ကလေးတစ်ဦးတစ်ယောက်တည်းဆိုလျှင် လုယက်မှု၊ အကြမ်းဖက်၊ အဓမ္မကျင့်လိုမှုများ ရှိလာသည်။ ဤနေရာတွင် တစ်ဦးချင်းစီကလည်း မိမိဘဝလုံခြုံရေးအတွက် အသိတရားနှင့်ယှဉ်သည့် သတိထားမှု၊ ရှောင်ကြဉ်မှုတို့ကို လုပ်ဆောင်ရမည်သာဖြစ်သည်။ ဥပမာအားဖြင့် အသက်ငယ်ရွယ်သည့် ကလေးအရွယ်များအား သူစိမ်းယောကျ်ားများနှင့်ထားခြင်း၊ အတူလွှတ်ခြင်း၊ တစ်ဦးတည်းဈေးဝယ်ခိုင်းစေခြင်းများကို ရှောင်ရှားကြရမည်သာ ဖြစ်သည်။

အရွယ်ရောက်ပြီး မိန်းကလေးများအနေဖြင့်လည်း တစ်ဦးတစ်ယောက်တည်း လွတ်လပ်စွာသွားလာနေထိုင်ခြင်းကို ဂရုစိုက်သင့်၏။ ထို့အပြင် မဖွယ်မရာမတင့်တယ်သော ဝတ်စားဆင်ယင်မှုသည်လည်း မိမိအတွက် အန္တရာယ်တွင်းသို့ ခေါ်ဆောင်နေသည်နှင့်တူသည်ကို ဆင်ခြင်သုံးသပ်မိသင့်ပါသည်။ မဖြစ်မနေ တစ်ဦးတည်း သွားလာလုပ်ကိုင်ရလျှင် မိမိအတွက် အကာအကွယ် ဖြစ်နိုင်ဖို့လိုသည်။ လူတိုင်းတွင် မိမိအသက်အတွက် ခုခံကာကွယ်ပိုင်ခွင့်ရှိသည်။ ယခုအခါ ငရုတ်ရည်ကဲ့သို့ ပက်ဖျန်းဆေးဘူးများ အလွယ်တကူ ရရှိနိုင်ပါသည်။ လိုအပ်လျှင် လိုအပ်သလို ကာကွယ်မှုပြုနိုင်ပါသည်။

တစ်နေ့က ချင်းတွင်းမြစ်အတွင်း အောင်စိုးမိုးကျော်(၂) ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်ပေါင်း ရာကျော်သေဆုံးခဲ့သည်။ ပျောက်သူပျောက်နေဆဲဖြစ်၏။ အကြောင်းအရင်းပေါင်းမြောက်မြားစွာ ရှိနိုင်၏။ ယင်းအချက်အလက်များစွာထဲတွင် အလိုအပ်ဆုံးတစ်ချက်မှာ မိမိတစ်ဦးချင်းစီ၏ ဘေးကင်းလုံခြုံမှုကို မည်သူမျှဂရုမပြုခဲ့ခြင်းပင်ဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် အမြန်ရေယာဉ်တစ်စင်းတွင် ရေယာဉ်နှင့်မျှတသည့် ကုန်ချိန်၊ ခရီးသည်ရှိရမည့်အပြင် ဘေးကင်းလုံခြုံရေးတွင် အသက်ကယ်အကျႌ (Life Jacket) များ အလုံအလောက်ရှိရမည်ဖြစ်သည်။ အသက်ကယ်အကျႌ မည်မျှပါ၍မည်မျှဝတ်ကြသည်ကိုမသိ။ သို့သော် မိမိတို့တစ်ဦးချင်းစီက ဘေးကင်းလုံခြုံရေးကို လုံးဝထည့်တွက်မထား။ သုတေသနပြုချက်များအရ ရေသန့်ဘူး အလွတ်တစ်လုံးသည် လူတစ်ယောက်ကို ကယ်တင်နိုင်ပါသည်။ ရေသန့်ဘူးနှစ်ဘူးချိတ်တွဲပါသွားသူသည် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားသည်ဆိုလျှင်ပင် တစ်နေရာတွင် ပြန်၍ပေါ်လာနိုင်မည်မှာ မလွဲဧကန်ပါ။ ယခုတော့ အလောင်းမျှပင် ပြန်လည်မရနိုင်သည့်အဖြစ်။

ယနေ့ သေမင်းတမန်လမ်းမဟု ကင်ပွန်းတပ်ခံထားရသည့် အမြန်လမ်းမကြီး။ နေ့စဉ်သတင်းတွေ တွေ့နေရသည်။ တိုက်သည်၊ မှောက်သည်။ အဓိကတရားခံက လမ်းမဟုတ်ပါ။ လူများပင်။ မည်သည့်ယာဉ်မောင်း မည်မျှစည်းကမ်းလိုက်နာပါသနည်း။ လမ်းဘေးတွင် သတ်မှတ်ထားသည့် လမ်းညွှန်အမှတ်အသားများ၊ မိုင်နှုန်းများ မည်မျှလိုက်နာကြပါသနည်း။ တစ်လောကတော့ ကီလို ၁၀၀ ကျော်မောင်းသည့် ယာဉ်များ ဖမ်းဆီးနေသည်ကို ကြားရသည်။ ယင်းကာလအတွင်း ယာဉ်မတော်မဆမှုလျော့ကျသွားသလိုပင်။ အဘယ်ကြောင့်ဆိုသော် မတော်တဆ သတင်းနည်းသွားသည်ကို တွေ့ရသည်။

**မိမိအပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ်နှင့် လုံခြုံမှုအတွက် မိမိကိုယ်တိုင် ကြိုတင်မှန်းဆပြင်ဆင်ခြင်း၊ သတိပြုနေထိုင်ခြင်း၊ ရှောင်ကြဉ်ခြင်း၊ စည်းကမ်းလိုက်နာခြင်းစသည်ဖြင့် ''သတိတမန်ညာဏ်မြေကတုတ်ကဲ့သို့'' သတိချပ်နိုင်မှသာ လုံခြုံဘေးကင်းအန္တရာယ်ကင်းဝေးစေနိုင်ဖို့ အခွင့်အလမ်းများနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့တစ်ဦးချင်းစီ၏ လုံခြုံဘေးကင်းရေးသည် မိမိအပေါ်တွင်သာ တာဝန်များစွာရှိနေ . . . . . .**

ယခုတလော ပြန်ကြားလာရပြန်သည်။ အဖမ်းအဆီး နည်းသွားပြန်ပြီနှင့်တူပါသည်။ အမြန်လမ်းပေါ်တက်လိုက်သည့် ယာဉ်မောင်းများသည် ကီလို ၁၀၀ ကျော်မောင်းချင်ကြတဲ့သူတွေချည်းပင်။ ကီလို ၈၀-၉၀ လောက်မောင်းနေသည့်သူကလည်း တဖြည်းဖြည်းနဲ့ ၁၀၀ ကျော်သွားပါသည်။ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်ကြသည်ကများပါသည်။ ဆန်းတော့မဆန်းပါ။ အေးအေးဆေးဆေး မောင်းနေလည်း ဘာမဟုတ်သည့် ဟိုက်ဂျက်ကားက လူအပြည့်တင်ပြီး ကီလို ၁၀၀ ကျော် မောင်းပြကြသည်။ လိုက်ကျော်သည်။ ယာဉ်မောင်းသည် စိတ်ကလေးက မြောက်သွားပြီး လိုက်နင်းကြလေသည်။ အရှိန်ပြင်းသည့်အတွက် မတော်တဆဖြစ်လိုက်လျှင် ထိန်းရခက်ပါသည်။ အပျက်အစီးများလျှင် အန္တရာယ်ပိုကြီးနိုင်ပါသည်။

ဆိုရလျှင် ယာဉ်မောင်းတစ်ဦးချင်းစီက မလိုက်နာနိုင်ခြင်း၊ မထိန်းသိမ်းနိုင်ခြင်းများကြောင့် ဖြစ်နေရခြင်းပင်။ စာရေးသူ မကြာခဏအမြန်လမ်းကို မောင်းဖူးပါသည်။ ကီလို ၈၀-၉၀ လောက် ပုံမှန်မောင်းသည်။ ကား၏ကြံ့ခိုင်မှုကိုလည်း သေချာစစ်ဆေး၍ ယာဉ်မောင်းသူကိုယ်တိုင်ကလည်း အိပ်ရေးဝဝ၊ ကျန်းမာသန်စွမ်းမှုရှိနေမည်ဆိုလျှင် မတော်တဆဖြစ်ဖို့ အခွင့်အလမ်းနည်းပါးနိုင်မည်သာဖြစ်သည်။

အစားအသောက်ကြည့်ပါဦး။ အစားအသောက်များက ကျန်းမာရေးနှင့်ညီညွတ်မှုနည်းသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ FDA ကလည်း လိုက်လံစစ်သည်။ ဝန်နဲ့အားမမျှပါ။ စားသုံးဆီများစစ်ကြည့်သည်။ မသန့်သည့်ဆီက များများ၊ အရောအနှောကင်းသည့်ဆီက ခပ်ရှားရှားပင်။ ထို့အပြင် ပြန်ကြော်ဆီများသုံးနေကြသည်။ ဤသို့ မသန့်မပြန့်သည့်ဆီများနှင့် ကြော်လှော်ထားသည်များကို ဝယ်ယူစားသုံးနေကြဆဲပါ။ လမ်းဘေးမြောင်းဘေးက အစားအသောက်များလည်း စားနေကြဆဲပင်။ ပြီးလျှင် ဆိုးဆေးများ၊ ဖော်မလင်များ သုံးသည်ကလည်း နေ့စဉ်အစားအသောက်များတွင် ခပ်များများ။ လူတစ်ဦးချင်း၏ ကျန်းမာရေးအဆင့်သည် အတော်ကို ဆိုးရွားလွန်းလှပါသည်။ ကုလသမဂ္ဂထုတ်ပြန်ချက်မှ နိုင်ငံ ၁၉၀ တွင် ၁၉၀ အဆင့်ဟူ၍ပင် Fb မှာတွေ့လိုက်ရပါသည်။

စင်စစ် မဆင်မခြင်စားသုံးနေကြမည်ဆိုလျှင် မည်သူတို့၏ ဘဝများဆုံးရှုံးမည်နည်း။ ကိုယ်စီဘဝများပင် ဆုံးရှုံးရမည်ပင်။ နိုင်ငံနှင့်ချီပြီး ပြောရလျှင် နိုင်ငံသားများ၏ အသက်ရှင်သန်နေထိုင်မှုနှုန်းကလည်း တဖြည်းဖြည်းကျဆင်းလာမှာပင်။ တစ်ဦးချင်းက ကိုယ့်ဘဝလုံခြုံရေး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ချင့်ချိန်တွေးဆတတ်ဖို့ လိုအပ်နေပါသည်။

မိမိတို့လုံခြုံဘေးကင်းရေးအတွက် ရဲစခန်းနှင့် ရဲများပေါ်တွင် လုံးဝပုံချထား၍မရ။ ရဲဆိုသည်မှာ အမှုအခင်းဖြစ်ပြီးမှ ရောက်ခြင်းသာများပါသည်။ သေလောက်သည့် အမှုအခင်းဆိုလည်း သေပြီးမှသာရောက်တတ်ပါသည်။ ဤသည်မှာလည်း ကြိုတင်မမှန်းဆနိုင်၍ သဘာဝကျပါသည်။ ရဲ၏တာဝန်မှာ တတ်နိုင်သမျှ ကြိုတင်ကာကွယ်ပေးခြင်းနှင့် မှုခင်းတစ်စုံတစ်ရာဖြစ်ပွားလာပါက အခင်းဖြစ်ပွားရာနေရာသို့ အမြန်ဆုံးရောက်ရှိကာ အခြေအနေအမှန်ကို ဖော်ထုတ်အရေးယူရန်နှင့် ထပ်မံ၍ကျူးလွန်မှုများမဖြစ်စေရန် ထိန်းသိမ်းပေးရခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ မိမိအပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ်နှင့် လုံခြုံမှုအတွက် မိမိကိုယ်တိုင် ကြိုတင်မှန်းဆပြင်ဆင်ခြင်း၊ သတိပြုနေထိုင်ခြင်း၊ ရှောင်ကြဉ်ခြင်း၊ စည်းကမ်းလိုက်နာခြင်း စသည်ဖြင့် 'သတိတမန်ညာဏ်မြေကတုတ်ကဲ့သို့' သတိချပ်နိုင်မှသာ လုံခြုံဘေးကင်း အန္တရာယ်ကင်းဝေးစေနိုင်ဖို့ အခွင့်အလမ်းများနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ တစ်ဦးချင်းစီ၏ လုံခြုံဘေးကင်းရေးသည် မိမိအပေါ်တွင်သာ တာဝန်များစွာ ရှိနေပါကြောင်း. . . . ။ ။

## လျှပ်စစ်ဓာတ်ကြိုးဓာတ်တိုင်၌ တွယ်ကပ်နေသော နွယ်ပင်များအားရှင်းလင်းဖယ်ရှားသင့်

**နေပြည်တော် နိုဝင်ဘာ ၁**

မြို့ပြဒေသလူနေရပ်ကွက်အတော်များများတွင် လျှပ်စစ်ဘေးအန္တရာယ်ကင်းဝေးစေရန် လျှပ်စစ်ဓာတ်တိုင်၊ ဆားဗစ်ကြိုးများ ဓာတ်အားလိုင်းသွယ်တန်းမှု စနစ်တကျဖြစ်ရေးအတွက် လျှပ်စစ်ကြိုးများနှင့်ထိစပ်နေသော သစ်ပင်သစ်ကိုင်းရှင်းလင်းခုတ်ထွင်ပေးမှုများ၊ ဆားဗစ်ကြိုးများ ရှုပ်ထွေးစွာ သွယ်တန်းထားမှုတို့ကို ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြုပြင်ရှင်းလင်းဆောင်ရွက်ပေးရမှုအခြေအနေသတင်းများကို တွေ့မြင်ကြားသိနေရသည်။



သို့သော်လည်း နေပြည်တော်တွင် မီးပြတ်တောက်မှု၊ ပျက်မှု၊ ဓာတ်အားလျော့ကျမှု လတ်တလောတွင် မကြာခဏဖြစ်ပေါ်နေရာ ဝန်ထမ်းများနေထိုင်ရာ ပိတောက်အိမ်ရာ တိုက်အမှတ် (၈၁၄/၈၁၅)သို့အဝင် ကလျာဏီလမ်းအတွင်းပိုင်း (ရွှေမင်းသားဆိုင်အနီး)ရှိ လမ်းဆုံဓာတ်တိုင်မှာ နွယ်ပင်နွယ်တန်းများ တွယ်ကပ်နေသည်ကိုမြင်တွေ့ရပြီး လျှပ်စစ်ကြိုး၊ ကွန်ကရစ်ဓာတ်တိုင်ကိုပင် မမြင်ရလောက်အောင် ဖြစ်နေသည်။

ယင်းဓာတ်တိုင်အခြေတွင်လည်း အမှိုက်များ ပုံထားကြရာ အနီးအနားနေသူများက အမြင်မတော်၍ ခုတ်ထွင်ရှင်းလင်းပေးလိုသော်လည်း လျှပ်စစ်အန္တရာယ်ရှိသဖြင့် မည်သူမျှမလုပ်ဆောင်ဝံ့ကြပါ။ သို့ပါ၍ လျှပ်စစ်ကျွမ်းကျင်သည့်ဝန်ထမ်းများကိုယ်တိုင် ရှင်းလင်းဖယ်ရှားပေးရန် အနီးအနားနေ ဝန်ထမ်းများက လိုလားနေကြောင်း သိရသည်။ (၅၃၃)



# စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့်မြေများကို ပြန်လည်သိမ်းဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီမံဆောင်ရွက်သွားရန် လိုအပ်




**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဝန်ကြီးဌာန၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ စီမံကိန်းများအတွက် ရယူထားသောမြေများတွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသည့်မြေများကို နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုအကျိုးအတွက် မြေစီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားလိုက်သည်။

နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင်ကျင်းပသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၂/၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတကဗဟိုကော်မတီအနေဖြင့် မြေကိစ္စတိုင်ကြားစာများနှင့်ပတ်သက်၍ အတားအဆီးအခက်အခဲဖြစ်နေသည့်ပြဿနာကိစ္စရပ်များ ဖြေရှင်းကျော်လွှားနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာအုပ်စု၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ဗဟိုကော်မတီအနေဖြင့် မြေကိစ္စများဖြေရှင်းဆောင်ရွက်ရာတွင် အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရန် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ မူဝါဒ(၅)ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ မူဝါဒ (၃) ရပ်၊ စွန့်လွှတ်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ဆုံးရောက်ရှိရေး လုပ်ငန်းစဉ်(၈)ရပ်၊ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ အချက်(၆)ချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ အချက်(၇)ချက်၊ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ အချက်(၅)ချက်နှင့် ကော်မတီအဆင့်ဆင့်မှ အလေးထားဆောင်ရွက်ရန် အချက်(၁၅)ချက်တို့အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

စွန့်လွှတ်မြေများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနပိုင်မြေများအား အသုံးပြုရန်မရှိ၍လည်းကောင်း၊ မူလပိုင်ရှင်များအား ပြန်လည်စွန့်လွှတ်ပေးရန်အတွက်လည်းကောင်း၊ အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံရန်အတွက်လည်းကောင်း၊ စွန့်လွှတ်မြေများအား လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ အပ်နှံရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် စွန့်လွှတ်မြေများ ပြန်လည်အပ်နှံခြင်း ပုံစံ(၁)နှင့် အချက်အလက်အတည်ပြုချက်ပုံစံ (၁-က)တို့အား ဖြန့်ဝေထားပြီးဖြစ်ကြောင်း။

ဗဟိုကော်မတီသို့ လွှတ်တော်များမှ လွှဲပြောင်းပေးပို့လာသော တိုင်ကြားစာအမှုတွဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ပေးပို့လာသည့် အမှုတွဲများမှာ စုစုပေါင်း ၂၀၅၆ မှုရှိပြီး တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ အမှုတွဲများမှ စိစစ်ဖြေရှင်းပြီး ၃၃ မှုရှိပြီး စိစစ်ဖြေရှင်းဆဲ အမှုတွဲ ၂၀၂၃ မှုရှိကြောင်း၊ ကော်မတီများအနေဖြင့် မြေကိစ္စများအပေါ် ပြည်သူများ နစ်နာမှုမရှိစေရန် ကော်မတီအဆင့်ဆင့်အလိုက် မြေပြင်ရှိ အမှန်တကယ်ဆောင်ရွက်ရမည့်အခြေအနေကို စနစ်တကျ စိစစ်ပြီး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ယခင်အစိုးရလက်ထက် စိစစ်ဖြေရှင်းရန် ကျန်ရှိနေသော အမှုတွဲများကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်စေပြီး အမှုတွဲများ ဆောင်ရွက်ပြီးစီးမှုကို လစဉ်ပုံမှန် ပြန်လည်တင်ပြရန် လိုအပ်ကြောင်း၊ မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဗဟိုကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း မြေယာကိစ္စများနှင့် စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက တပ်မတော်အနေဖြင့် လယ်ယာမြေစွန့်လွှတ်ခဲ့မှုနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လက်ရှိ လယ်ယာမြေပြဿနာများနှင့် စပ်လျဉ်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သည့်အချက်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရာတွင် ဗဟိုကော်မတီအနေဖြင့် မူဝါဒများချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ မြေယာကိစ္စများဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များကိုလည်း သတင်းမီဒီယာများတွင် ဖော်ပြပေးရန်လိုကြောင်း၊ မြေပြင်စိစစ်ရာတွင် အနီးကပ်ဆုံးမှန်ကန်မှုရှိစေရန် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုကော်မတီအနေဖြင့် တောင်သူလယ်သမားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ စုံညီတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး ဆဋ္ဌမအကြိမ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ စုံညီတွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဦးဝင်းထိန်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမြင့်ဌေးတို့က ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကျန်းမာရေးကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပါတီဗဟိုကော်မတီဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များနှင့် ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များတက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့၏ အကြံပြုစာတမ်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်လုပ်ငန်းအဖွဲ့၏ အကြံပြုစာတမ်း၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ၄ ခုမှ အလုပ်အမှုဆောင်များ၏ အကြံပြုစာတမ်း၊ မြို့နယ် ၄၅ မြို့နယ်မှ အလုပ်အမှုဆောင်များ၏ အကြံပြုစာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

**ကိုလတ်(သတင်းစဉ်)**

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းအစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ)ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည် -

(က) ကနဦးမှတ်ပုံတင်ယာဉ်များစစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သည့် ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)များ တပ်ဆင်ပါရှိရမည်။ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)တပ်ဆင်ပါရှိရမည်။ Pick Up, Light Truck, Truck, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt)မဖြစ်မနေ တပ်ဆင်ပါရှိရမည်။ ကျောင်းသားများ သယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus)များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ်(Express Bus)များအားလုံး ယာဉ်မောင်းနှင်စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာအသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့မှစတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆)ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ(Seat Belt)ကို မပျက်မကွက်ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆)ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ ဆက်သွယ်တိုင်ကြားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**တိုင်တန်းချက်များလက်ခံခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူအများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်၊ ဧပြီလ (၆)ရက်က ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေနှင့်အညီ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်၏ စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ အသိပေးတိုင်ကြားရန် အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၀)၊ နေပြည်တော်သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ email-compt.msco@gmail.com သို့ဖြစ်စေ၊ ဖက်(စ်)အမှတ် ၀၆၇-၄၀၉၂၉၂ သို့ ဖြစ်စေ ပေးပို့ပြီး ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

(က) တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)၊

(ခ) တိုင်တန်းသူသည် အစိုးရပိုင်း၊ ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ အဂတိလိုက်စားမှု မမှန်မကန်လုပ်ဆောင်ခဲ့မှုများကို အထောက်အထားအချက်အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

၃။ တိုင်တန်းသော အကြောင်းအရာသည် ပြည်သူအများ ထိခိုက်နစ်နာသော အစိုးရပိုင်း၊ ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူများ၏ အဂတိလိုက်စားမှုများကို အဓိကထား၍ တိကျပွင့်လင်းစွာ အသိပေးတင်ပြရပါမည်။

၄။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် လက်ခံရရှိသော တိုင်တန်းချက်များကို ပေါက်ကြားခြင်းမရှိစေရန် စီစဉ်ထားသဖြင့် တိုင်ကြားရန်ရှိသည်များကို စိုးရိမ်ပူပန်မှုကင်းစွာဖြင့် တိုင်ကြားနိုင်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲနှင့် ဆုံးဖြတ်ချက်ချပြီး ကိစ္စရပ်များကို တိုင်တန်းခြင်း မပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဌာနအဆောက်အအုံ၌ နိုင်ငံတကာဆက်ဆံရေးဌာန၏ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာဆက်ဆံရေးဌာနပြခန်းများကို ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဌာန အဆောက်အအုံ၌ နိုင်ငံတကာဆက်ဆံရေးဌာန၏ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံခြားဆက်ဆံရေးဌာနဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဌာန ဝန်ကြီး မစ္စတာ စုန့်တောင်တို့ တွေ့ဆုံဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် CPMIEC ကုမ္ပဏီသို့ ရောက်ရှိကြပြီး ကုမ္ပဏီပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Sun Guo Xiang နှင့် ပေကျင်းမြို့ရှိ Shangrila Hotel ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အပေါ်အခြေခံ၍ ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေမှု အခြေအနေများ၊ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



# မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမတွင် ၁၂ ဘီးယာဉ်နှင့် ကုန်တင်ယာဉ်တို့ စက်ချွတ်ယွင်း၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**သီပေါ နိုဝင်ဘာ ၁**

မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သီပေါမြို့နယ် ကုန်းသာတောင်အတက်လမ်း၌ အောက်တိုဘာ ၃၀ ရက် ည ၉ နာရီခန့်က ၁၂ ဘီးယာဉ်နှင့် ကုန်တင်တွဲယာဉ်တစ်စီးတို့ စက်ချွတ်ယွင်း၍ လမ်းပိတ်ဆို့မှုဖြစ်ကာ နှစ်ဖက်အသွားအလာယာဉ်များ တန်းစီစောင့်ဆိုင်းခဲ့ရသည်။

အဆိုပါဖြစ်ပွားရာသို့ ကျောက်မဲခရိုင်အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်ခင်မောင်မြင့်၊ သီပေါယာဉ်ထိန်းရဲတပ်စိတ်မှ ရဲတပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် တာဝန်ရှိသူများလာရောက်ရှင်းလင်းခဲ့ရာ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ခေတ္တမျှလမ်းပွင့်ခဲ့သော်လည်း နှစ်ဖက်ယာဉ်များ အထူးများပြားလာသဖြင့် လမ်းပြန်ပိတ်သွားခဲ့သည်ဟုသိရသည်။ **(အပေါ်ပုံ)**

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်ရှင်းလင်းဆောင်ရွက်ခဲ့ကြရာ အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် ယာဉ်လမ်းကြောင်းတစ်ခုလုံး ပြန်လည်ပွင့်သွားပြီး အတက်အဆင်းယာဉ်များကို စနစ်တကျစီစဉ်စေလွှတ်ပေးနိုင်ခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ကြပ်ကြီးဝင်းဇော်လတ်၏ပြောပြချက်အရ သိရသည်။။ **(သီပေါကိုလတ်)**

# ကျွမ်းကျင်မှုဆိုင်ရာ ကာလတို၊ ကာလရှည်သင်တန်းများ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် အမြန်ဆုံးပြင်ဆင်ဖွင့်လှစ်နိုင်ရေး မှာကြား

**ရန်ကုန် နိုဝင်ဘာ ၁**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသို့ ရောက်ရှိရာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံများ ပြင်ဆင်နိုင်ရေး၊ သင်ကြားစီမံကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခင်ဖွင့်လှစ်ခဲ့သည့် AGTI ပုံမှန်သင်တန်းများအပြင် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များနှင့် အသေးစား၊ အလတ်စားနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သောနည်းပညာကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာကာလတို၊ ကာလရှည်သင်တန်းများကို အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် အမြန်ဆုံးပြင်ဆင်ဖွင့်လှစ်နိုင်ရေး၊ စီမံကိန်းများ စနစ်တကျချမှတ်၍ အဆောက်အအုံများ ထပ်မံတိုးချဲ့ ဆောက်လုပ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့ပြအမွေအနှစ်စာရင်းဝင်ဖြစ်သည့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၏ ပင်မစာသင်ဆောင်နှင့် ကျောင်းသားအိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိုက်ခိုက်သူတွေနဲ့ ပူးပေါင်းပါဝင်ခဲ့သူတွေကို ဖော်ထုတ်အရေးယူနိုင်ရေး ပူးပေါင်းဆောင်ရွက်နေ

စစ်တွေ နိုဝင်ဘာ ၁

**ရခိုင်ပြည်နယ် မောင်တောခရိုင် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးတို့သို့ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ကိုးဦးကျဆုံးခဲ့ပြီး လက်နက်ငယ် မျိုးစုံ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ နယ်မြေဒေသမငြိမ်သက်မှုများကြောင့် ဒေသခံတိုင်းရင်းသားများသည် ကြောက်ရွံ့ထိတ်လန့်ပြီး နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယခုအခါ နယ်မြေလုံခြုံရေးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားများ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်သည်။**



ဒေါက်တာချမ်းသာ



ဦးကျော်လွင်



ဂေါ်ယာမြေ စောဝင်း



မမြထွေး



မအေးအေးအောင်

နေရပ်ရွာများတွင် စိုက်ပျိုးခဲ့ကြသည့် စပါးများ ရင့်မှည့်နေပြီဖြစ်သည့်အပြင် ကျွဲ၊ နွားများလည်း ကျန်ခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းများမှ နေ့စဉ်ထွက်ခွာလျက်ရှိသည်။

**အခြေအနေမှန်များ**

မောင်တောခရိုင်အတွင်း တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည်မှ ယနေ့အထိ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်အဖွဲ့အစည်းများက နယ်မြေလုံခြုံရေး၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အဖြစ်အပျက်အမှန်များကို ပုံဖျက်ကာ ပြည်ပအခြေစိုက်အဖွဲ့အစည်းများက မီဒီယာကို အသုံးချ၍ အမှန်တရားကို ဝေဝါးစေမှုများလည်း လုပ်ဆောင်လျက်ရှိသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း နယ်မြေလုံခြုံရေးနှင့် ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးစခန်းများမှ နေရပ်သို့ ပြန်လည်ထွက်ခွာလာသူတချို့ကို အခြေအနေမှန်များ သိရှိရန် ကွင်းဆင်းတွေ့ဆုံမေးမြန်းခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

"အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ မောင်တောခရိုင်အတွင်းမှာ နယ်မြေရှင်းလင်းရေးကို တရားဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့က ရည်မှန်းချက်သုံးရပ်နဲ့ ဆောင်ရွက်နေပါတယ်။ အဲဒီအချက်တွေကတော့ အကြမ်းဖက်တိုက်ခိုက်သူတွေ လက်ထဲပါသွားတဲ့ လက်နက်များ ပြန်ရရှိရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ ရပ်ကျေးအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ပွားရာမှာ ကိုယ်တိုင်ပါဝင်ပတ်သက်သူတွေကို ဖော်ထုတ်ပြီး တရားဥပဒေနဲ့အညီ ပြတ်သားစွာအရေးယူသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ စစ်ဆင်ရေးဧရိယာအတွင်း နယ်မြေတွေပိုင်းဖြတ်ပြီး စနစ်တစ်ကျဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အဲဒီတိုက်ခိုက်သူတွေနဲ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သူတွေကို စစ်ကြောမှုတွေအရ ဖော်ထုတ်ပြီး တရားဥပဒေနဲ့အညီ အရေးယူနိုင်ရေး အဖွဲ့ပေါင်းစုံ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ပြောပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

မောင်တောခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကူညီဖြည့်ဆည်းပေးနေမှုများနှင့်ပတ်သက်ပြီး "မောင်တောခရိုင်အတွင်းမှာ စုစုပေါင်းစပါးစိုက်ဧက ရှစ်သောင်းခန့် ရှိပါတယ်။ ရခိုင်တိုင်းရင်းသားတွေက ဧကတစ်သောင်းခန့်စိုက်ပျိုးပြီး အစ္စလာမ်ဘာသာဝင်တွေက ဧကခုနစ်သောင်းခန့် စိုက်ပျိုးထားပါတယ်။ အခုစပါးတွေ ရင့်မှည့်နေပြီး နယ်မြေမအေးချမ်းမှုကြောင့် အလုပ်သမားရှားပါးနေပါတယ်။ ဒါကြောင့် စပါးတွေရိတ်သိမ်းနိုင်ဖို့ စပါးခြွေလှေ့စက် အလုံး ၄၀ ပို့ပေးဖို့ စီစဉ်နေပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး နည်းပညာ၊ သွင်းအားစု၊ စက်ပစ္စည်းတွေကို အမြန်ဆုံးထောက်ပံ့ပေးဖို့ စီစဉ်နေပါတယ်။ ဒီလိုနယ်မြေမအေးချမ်းတာကြောင့် စိုက်ပျိုးသီးနှံတွေ ဆုံးရှုံးမှုမဖြစ်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုရေးရာဝန်ကြီး ဦးကျော်လွင်က ပြောသည်။

ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ ထောက်ပံ့ဖြည့်ဆည်းပေးမှုကိုလည်း ကျေးရွာများအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**ဆေးဝါးကုသပေးခဲ့**

"နယ်မြေတည်ငြိမ်အေးချမ်းလာတာနဲ့ အမျှ ဒေသခံတိုင်းရင်းသားတွေကို ပြန်လည်ပို့ဆောင်ပေးဖို့ စီစဉ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်နယ်ဝန်ကြီးချုပ်နဲ့အတူ မောင်တောမြို့ကို ကွင်းဆင်းပြီး ဒေသလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ နယ်မြေအနေအထားတွေကို လေ့လာခဲ့ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ မြို့နယ်ဆေးရုံတွေကတော့ လက်ရှိအချိန်ထိ ဖွင့်လှစ်ထားဆဲပါ။ အခင်းဖြစ်တဲ့အချိန်ကလည်း ရောက်လာတဲ့ လူနာတွေ၊ ဒေသခံတိုင်းရင်းသားတွေအားလုံးကို ဆေးဝါးကုသပေးခဲ့ပါတယ်။ တိုက်နယ်ဆေးရုံတွေကတော့ အစွန်အဖျားမှာရှိတဲ့အတွက် အဲဒီဆေးရုံမှာရှိတဲ့ ဒေသခံဝန်ထမ်းတွေက စိုးရိမ်ကြောင့်ကြစိတ်နဲ့ သက်ဆိုင်ရာမြို့ပေါ်တွေကို ပြောင်းရွှေ့လာကြပါတယ်။ အဲဒီအတွက် တပ်မတော်က ရဟတ်ယာဉ်နဲ့ ပို့ဆောင်ပေးတာတွေ ရှိပါတယ်။ အဲဒီလူတွေကို မောင်တောမြို့မှာပဲ စုစည်းထားပါတယ်။ အခုလဆန်းကစပြီး တိုက်နယ်ဆေးရုံတွေနဲ့ ကျန်းမာရေးဌာနတွေကို ပြန်ဖွင့်မယ်။ အဲဒီဌာနက ဝန်ထမ်းတွေကို မောင်တောမြို့ပေါ်မှာ စုစည်းထားပါတယ်။ အခုအခြေအနေတည်ငြိမ်လာပြီဖြစ်တဲ့အတွက်ကြောင့် မောင်တောမြို့ရဲ့မြောက်ပိုင်းဖြစ်တဲ့ ခမောက်ဆိပ်၊ တမန်းသား၊ ငါးခူရ၊ တောင်ပြိုလက်ဝဲစတဲ့ဒေသတွေမှာ စုရပ်အဖြစ်ဖွဲ့စည်းပြီး ဆေးရုံတွေနဲ့ဆေးခန်းတွေကို ပြန်လည်ဖွင့်လှစ်ဖို့ စီစဉ်ပြီးဖြစ်ပါတယ်။

"တိုင်းရင်းသား ရွာလေးတွေကိုတော့ Mobile Health Team ပုံစံမျိုးနဲ့သွားပြီး ဆေးဝါးကုသမှုတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ အောက်တိုဘာ ၂၄ ရက်ကတည်းက ကျောင်းတွေပြန်ဖွင့်ပြီးပါပြီ။ စုရပ်တွေမှာရှိတဲ့ စာသင်ကျောင်းတွေကို ဒီနေ့စပြီး ဖွင့်လှစ်ပေးနေပါပြီ။ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားကျောင်းသား ကျောင်းသူလေးတွေ ပြန်ရောက်လာရင် အဲဒီတိုင်းရင်းသားရွာတွေကို ဆရာ၊ ဆရာမတွေစေလွှတ်ပေးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆရာမတွေ မသွားနိုင်တဲ့ ဝေးလံတဲ့နေရာတွေကို စုရပ်တွေမှာ ဆရာမတွေကိုထားရှိပြီး စုရပ်တွေကတစ်ဆင့် အသွားအပြန် သင်ကြားပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ရခိုင်ပြည်နယ် ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

**ထောက်ပံ့ပေးခဲ့**

နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသူများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီထောက်ပံ့ပေးမှုများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ စစ်တွေမြို့သို့ရောက်ရှိလာသော နေရပ်စွန့်ခွာထွက်ပြေးလာသူများအား ဓမ္မဝတီ ဘောလုံးကွင်းအတွင်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးခဲ့ပြီး လက်ခံစောင့်ရှောက်ခဲ့သည်။ စားနပ်ရိက္ခာနှင့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးခဲ့သည်။

**နယ်မြေ အေးချမ်းလာ**

"မောင်တောဘက်ကရောက်လာတဲ့ ဒုက္ခသည်တွေကို ပထမဆုံး ကယ်ဆယ်ရေးစခန်းဖွင့်ပြီးတော့ အစိုးရအစီအမံနဲ့ စနစ်တကျ အထောက်အပံ့တွေပေးခဲ့ပါတယ်။ စစ်တွေမြို့ ဓမ္မဝတီကယ်ဆယ်ရေးစခန်းမှာ ရွက်ဖျင်တဲ ၃၆ လုံးရှိပါတယ်။ လူဦးရေ ၈၀၀ ကျော် ရှိခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ နယ်မြေအေးချမ်းလာတာမို့ တချို့ကို နေရပ် ပြန်လည်ပို့ပြီးပြီဖြစ်လို့ ကယ်ဆယ်ရေးစခန်းမှာ လူဦးရေ ၁၀၀ ကျော်လောက်ပဲ ရှိပါတယ်။ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီးတော့ အလှူအတန်းလာလုပ်တဲ့သူတွေဆီက ရလာတာတွေကို ဒုက္ခသည်တွေဆီကို ဖြန့်ဝေပေးပါတယ်။ အလှူအတန်းလာလုပ်တဲ့သူတွေက ကိုယ်တိုင်ကိုယ်ကျပေးလှူမယ်ဆိုရင်လည်း ခွင့်ပြုပေးခဲ့တာတွေရှိပါတယ်။ ကယ်ဆယ်ရေးစခန်းမှာကျန်ခဲ့တဲ့ စားနပ်ရိက္ခာတွေကိုလည်း အစိုးရအစီအမံနဲ့ မောင်တောမြို့နယ်မှာရှိတဲ့ အဖွဲ့အစည်းကို လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ နယ်မြေအေးချမ်းလာပြီဖြစ်လို့ ပြန်ချင်တဲ့ဆန္ဒရှိတဲ့သူတွေကို သူတို့ရဲ့သဘောဆန္ဒအရ ပြန်ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဟိုမှာ နယ်မြေအေးချမ်းနေပြီ၊ ပြန်ကြဆိုပြီးပြောတာမဟုတ်ဘူး။ သူတို့ရဲ့ဆန္ဒအရ ကျွန်တော်တို့က ပြန်ခွင့်ပြုတာပါ"ဟု ကယ်ဆယ်ရေးစခန်း တာဝန်ခံ ဂေါ်ယာမြေ စောဝင်းက ပြောသည်။

လက်ရှိတွင် မောင်တောဒေသဘက်မှ စစ်တွေမြို့ရှိ ဓမ္မဝတီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာကြသည့် လူဦးရေ ၈၀၀ ကျော်ကို အစိုးရ၏အစီအစဉ်ဖြင့် နေ့စဉ်နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင်လည်း လူဦးရေ ၁၀၀ ခန့်အား မောင်တောဒေသသို့ ပို့ဆောင်ပေးခဲ့သည်။

**ဘာမှမဖြစ်တော့**

ထိုသို့ ပို့ဆောင်ပေးခဲ့ရာတွင် ပါဝင်ခဲ့သည့် မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာမှ မမြထွေးက "အောက်တိုဘာ ၉ ရက်နေ့ ည ၁ နာရီ ၁၅ မိနစ်က စပြီးတော့ ပစ်ခတ်သံတွေကြားတယ်။ ဘယ်ကဖြစ်တယ်ဆိုတာတော့မသိဘူး။ အဲဒီမှာ ညီမတို့လည်း တစ်ညလုံးမအိပ်ရဘူး။ ပစ်ခတ်သံတွေကြားတော့ ကြောက်လန့်ပြီးနေနေရတယ်။ အဝေးကိုလည်း ထွက်မပြေးရဲဘူး။ ပစ်ခတ်သံတွေကြားထဲက ထွက်ပြေးမယ်ဆိုရင် ညီမတို့က ကြားထဲမှာ ညပ်သွားမှာစိုးလို့ ရွာထဲ လုံခြုံတဲ့နေရာတစ်နေရာမှာ နေခဲ့ရတယ်။ အဲဒီနေ့က မိုးလင်းသွားတယ်။ မိုးလင်းသွားပြီး နောက်တစ်နေ့ကျော်သေးတယ်။ တစ်နေ့လုံးလည်း ပစ်ခတ်နေလို့ ကြောက်လန့်ပြီး ထမင်းလည်း စောစောစီးစီးစားရတယ်။ ဝက်ပိတ် ဆိုတဲ့ရွာမှာ ဝင်စီးတယ်လို့ကြားပါတယ်။ ရွာနီးချင်းတွေမို့လို့ အဲဒီ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာတွေကနေပြီးတော့ တချို့ကပြောပါတယ်။ ဝက်ပိတ်ရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးတဲ့အခါမှာ ကျည်ခွံတွေ အများအပြားတွေ့တယ်လို့ပြောပါတယ်။ လက်ရှိအချိန်မှာတော့ ရွာမှာ ဘာမှမဖြစ်တော့ဘူးလို့ ကြားတယ်။ ကြောက်ကြောက်လန့်လန့် နေနေရတော့ အဲဒီမှာ အမျိုးသားတွေပဲရှိတယ်။ ကလေးတွေနဲ့ အမျိုးသမီးတွေက ကယ်ဆယ်ရေးစခန်းတွေကိုသွားနေရတယ်။ ကျည်ဆံတွေကြား၊ ပစ်ခတ်သံတွေကြားထဲက အသက်စွန့်ပြီး ကျွန်မတို့ထွက်ပြေးခဲ့ရတာပါ။

အဲဒီကနေတစ်ဆင့် စစ်တွေကယ်ဆယ်ရေးစခန်းကိုရောက်တယ်။ စစ်တွေမှာ နေရင်းကနေ မိသားစုရှိလို့ မောင်တောကို တစ်ရက်နှစ်ရက်လောက်ပြန်သေးတယ်။ အဲဒီမှာ

**စာမျက်နှာ ၁၁ သို့** ※



ဓမ္မဝတီကယ်ဆယ်ရေးစခန်းအား တွေ့ရစဉ်။

# သစ်တောကဏ္ဍမှ နိုင်ငံတော်အခွန်ငွေ အပြည့်အဝရရှိရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းတို့နှင့်အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇရစ်ချောင်ကျေးရွာအနီး ကေလာသ သဘာဝထိန်းသိမ်းရေးနယ်မြေ အရှေ့ဘက်အနီးရှိ Rock Well Mining ကုမ္ပဏီ၏ ကျောက်ခွဲစက်တည်ဆောက်မည့်မြေနေရာအား ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် ပေါင်မြို့နယ် ကုလားမတောင်ကြီးဝိုင်း အကွက်အမှတ်(၄၇)အတွင်း Long Life Aggregate Mining ကုမ္ပဏီ၏ လမ်းခင်းကျောက် ထုတ်လုပ်လျက်ရှိသော ကျောက်ခွဲစက်နှင့် ကျောက်မိုင်းသို့ ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ အောက်တိုဘာ ၂၉ ရက်တွင် ပေါင်မြို့နယ် ကုလားမတောင်ကြီးဝိုင်း အကွက်အမှတ် (၅၉) အတွင်း ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီ၏ လမ်းခင်းကျောက် ထုတ်လုပ်လျက်ရှိသည့် ကျောက်မိုင်းနှင့် ကျောက်ခွဲစက်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အမှတ်(၁) သတ္တုတွင်းဦးစီးဌာန၏ မြေစေးဖြူစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လယ်ယာမြေနှင့်စီမံကိန်းစာရင်းဦးစီးဌာနတို့မှ အဆိုပါစက်ရုံမြေနေရာ မြေရာဇဝင်အား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းရေးကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ထားရှိမှုအပေါ် မှတ်တမ်းတင်ထားရှိရန် ဆွေးနွေးမှာကြားခဲ့ပြီး မြေစေးဖြူစက်ရုံဝင်းအား လှည့်လည်စစ်ဆေး ကြည့်ရှုသည်။

ထို့နောက် မုဒုံမြို့နယ် အဇင်းဆည် ရေဝေရေလဲဧရိယာအတွင်းရှိ မော်လမြိုင်(ထင်း)ကြိုးဝိုင်း အကွက်အမှတ်(၂၁) အတွင်းရှိ (၁/၁၉၉၇)ရေဝေရေလဲစိုက်ခင်းဧက ၁၀၀ အတွင်း ကြိုးဝိုင်းကျူးကျော် ရော်ဘာစိုက်ပျိုးထားသည့်နေရာသို့ ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် တာပသွန် သစ်တောသုတေသနစခန်းသို့ ရောက်ရှိ၍ စခန်းအတွင်း ၁၉၉၈ ခုနှစ်တွင် စိုက်ပျိုးထားသည့် အကေးရှား ကရက်စ်စီ ကာပါး Acacia carassicarpa နှင့် အကေးရှား အော်လာကိုကာပါး Acacia aulacocarpa သစ်စေ့ထုတ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် သစ်တောဦးစီးဌာန ဧည့်ရိပ်သာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တွေ့ဆုံ၍ သစ်တောကဏ္ဍမှ နိုင်ငံတော်မှရရန်ရှိသည့် အခွန်အခများ အပြည့်အဝရရှိရေး၊ အသေးစားသတ္တုလုပ်ကွက်သစ်များ လျှောက်ထားခွင့်ပြုရေး၊ ပြည်နယ်အတွင်း ဝန်ထမ်းများတိုးမြှင့်ခန့်ထားရေး၊ သစ်ထုတ်လျာထားချက်များ သတ်မှတ်နိုင်ရေးနှင့် ပုဂ္ဂလိက ရော်ဘာစိုက်ခင်းများ စာချုပ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ပြည်နယ်အတွင်းရှိ သတ္တုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ ပြည်နယ်ညွှန်ကြားရေးမှူး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများတင်ပြခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေတွင်းကုန်း ကျေးရွာအနီးရှိ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးစခန်းအတွင်းတည်ဆောက်လျက်ရှိသော အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေး (AFoCo) အစီအစဉ်အရ တည်ဆောက်လျက်ရှိသော ဒေသအဆင့် သစ်တောပညာလေ့ကျင့်ပညာပေးသင်တန်းကျောင်း (Regional Forestry Education and Training Center) ဆောက်လုပ်နေမှုအားကြည့်ရှုစစ်ဆေးခဲ့ရာ စီမံကိန်းတာဝန်ခံ Dr. Lee Seong Hanက ရှင်းလင်းတင်ပြမှုများအပေါ် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမည့်ကာလ၊ အာဆီယံဒေသတွင်းနိုင်ငံများအတွက် သင်တန်းများဖွင့်လှစ်ပို့ချမည့်အစီအစဉ်နှင့် သင်ကြားပို့ချမည့်ဆရာများ ရရှိနိုင်မှု၊ ပြည်တွင်းသင်တန်းများဖွင့်လှစ်ပို့ချမည့်အစီအစဉ်နှင့် လုပ်ငန်းရန်ပုံငွေကူညီပံ့ပိုးမည့် အစီအစဉ်များအား ပြန်လည်ဆွေးနွေးသည်။



အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၃)သို့ သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ လှိုင်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၈)သစ်စက် စက်ရုံအတွင်း Thai Sawat ကုမ္ပဏီမှ ကုန်ကြမ်းသစ်လုံးများ နဝလီစနစ်ဖြင့်လက်ခံခွဲစိတ်နေမှုများအား လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ပြီး စက်ရုံအတွင်း မီးဘေးလုံခြုံရေးအစီအမံများ အလေးထားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်းရှိ သဘာဝသမိုင်းပြတိုက်တွင် ကျင်းပသည့် တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်တောစီမံကိန်းများစတင်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E. Mr. Hong Liang နှင့်အတူ အမှတ်တရသစ်ပင်စိုက်ပျိုးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ကွင်းဆင်းအခြေစိုက်စခန်း(ရန်ကုန်)သို့ သွားရောက် စစ်ဆေးခဲ့ရာ စခန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုများအား တင်ပြခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးက ပညာရပ်ဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်အတွက် လူငယ်ပညာရှင်များ စုဆောင်းခန့်ထားရန် လိုအပ်ကြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းရန်နှင့် ဝန်ထမ်းအင်အားဖြည့်ဆည်းခန့်ထားမည့်အစီအစဉ်များ ရေးဆွဲတင်ပြရန် မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွင်းဆင်းအခြေစိုက်စခန်းအတွင်းရှိ ဓာတ်ခွဲခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာပါ အကြံပြုသဘောထား မှတ်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာတစ်ခုချင်းစီ အလိုက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများအား စနစ်တကျစာရင်းပြုစု၍ နောက်ဆက်တွဲစစ်ဆေးခြင်းများ ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

**(သတင်းစဉ်)**

# ဒလမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေး အခြေခံပညာမူလတန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

**ဒလ နိုဝင်ဘာ ၁**

ကျောင်းသား ကျောင်းသူလေးများ ကျောင်းနေပျော်၍ စာတော်စေရန်၊ စာပေဗဟုသုတများ ပြည့်စုံကြွယ်ဝစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ အခြေခံပညာ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှနွယ်က တက်ရောက်လာသော အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများအား စာပေမြင့်မှ လူမျိုးတင့်မည်၊ စာအုပ်စာပေ လူ့မိတ်ဆွေနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း အသိပညာပေး အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ ဆရာကျော်ဦး (ဇလွန်)၊ မြို့မိမြို့ဖ ဦးတင်လှိုင်တို့က ကျေးဇူးတင်စကားများပြောကြားခဲ့သည်။

ထို့နောက် မူလတန်းအဆင့် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲတွင် အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး "ဖိုးအေးနှင့် မိတ်ဆွေစာရေး ကိရိယာလေးများ" ခေါင်းစဉ်ဖြင့် ဇာတ်လမ်းနှင့် သရုပ်ဖော်ကာ ယှဉ်ပြိုင်ခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် နှစ်သိမ့်ဆု ရရှိသော ကျောင်းသား ကျောင်းသူလေးများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်လှလှနွယ်၊ မြို့နယ်စာရေးဆရာအသင်း ဆရာနေမင်းချိုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များနှင့် စာရေးကိရိယာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော မြို့နယ်စာရေးဆရာများဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား မြို့နယ်ပြည်သူ့ စာကြည့်တိုက်ခန်းမတွင် စာဖတ်ရှိန် မြင့်မားရေး သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသထားသည် စာအုပ်စာစောင် အခမဲ့ငှားရမ်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(IPRD)**

**သစ်ပင်စိုက်ပါ ဒို့ဂုဏ်မှာ သာယာလှပ စိမ်းမြမြ**

✲ စာမျက်နှာ ၁၀ မှ

ကယ်ဆယ်ရေးစခန်းတွေ ဖွင့်တယ်ပြောလို့ ပြန်သွားတာပါ။ အဲဒီကနေ စစ်တွေမြို့မှာရှိတဲ့ ဘောလုံးကွင်းထဲက ကယ်ဆယ်ရေးစခန်းကို ပြန်လည်ပြောင်းရွှေ့ပေးပါတယ်။ ကယ်ဆယ်ရေးစခန်းမှာ အစစအရာရာ အဆင်ပြေပါတယ်။ ကျွန်မတို့လို ဒုက္ခသည်တွေကို စားရေး သောက်ရေး၊ ကျန်းမာရေးကအစ အကူအညီပေးတဲ့အတွက် ပူပင်စရာမရှိပါဘူး။ အခုတော့ စစ်တွေကယ်ဆယ်ရေးစခန်းကနေ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းကို ပြန်နေပါပြီ။" ဟု ပြောပြသည်။

တချို့မှာ နယ်မြေအေးချမ်းကာ လုံခြုံမှုများလည်း ရရှိနေပြီဖြစ်သောကြောင့် နေရပ်အသီးသီး ပြန်သွားခဲ့သူများရှိသကဲ့သို့ အချို့မှာ ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်နေထိုင်လျက်ရှိသည်။ ထိုသို့ နေရပ်ပြန်ခြင်းနှင့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ခြင်းတို့သည် တိမ်းရှောင်လာသူများ၏ သဘောဆန္ဒအတိုင်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"ဘယ်သူမဆို ကိုယ့်အိမ်ကိုတော့ ပြန်ချင်ကြတာပါပဲ။ စစ်တွေကယ်ဆယ်ရေးစခန်းမှာ နေခဲ့စဉ်ကလည်း အစိုးရပိုင်းက စားရေးသောက်ရေးအပြင် ဝတ်စရာအဝတ်အထည်၊ စောင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပါ ထောက်ပံ့ပေးပါတယ်။ အခုလိုမျိုး နေရပ်ပြန်ပို့တဲ့အချိန်မှာ ကျွန်မတို့ကို အစိုးရက ကျပ်၁၀၀၀၀ နဲ့ လူမှုကူညီရေးအဖွဲ့အစည်းက ကျပ် ၃၀၀၀၀ ထောက်ပံ့ပေးပါတယ်" ဟု မောင်တောမြို့ အမှတ် (၄) ရပ်ကွက်မှ မအေးအေးအောင်က ပြောသည်။

**ဝေယံဦး၊ ကျော်ထိုက်လင်း၊**
**ဓာတ်ပုံ-လင်းကျော်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်(ရွှေဈေး) ၈၇၈၃၀၀ - ၈၇၉၃၀၀ မန္တလေး(ရွှေဈေး) ၈၇၈၀၀၀ - ၈၇၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၅. ၀ | (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၇၃ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၉. ၇ | (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၂၂၆. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၈၉. ၆၅ | (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂. ၃၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၆. ၆၉၃ | (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၇၇. ၇၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၆. ၀၆ | (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၃. ၆၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသလိုက်တဲ့ ချိုတေးကွမ်



ယခုနှစ်အစပိုင်းက ထုတ်လွှင့်ခဲ့ပြီး တောင်ကိုရီးယား၌သာမက အာရှတစ်လွှားမှာ အောင်မြင်မှုတွေရရှိခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"မှာ ဆရာဝန်တစ်ဦးဖြစ်သူ ဒန်နီရယ်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား ချိုတေးကွမ်က သူ့ရဲ့မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာမီမှာ မင်္ဂလာပွဲဆင်နွှဲတော့မယ့် မင်းသားက သူနဲ့ စေ့စပ်ထားတဲ့ သတို့သမီးလောင်းဖြစ်သူ နိုပေးရီနဲ့အတူရိုက်ကူးထားတဲ့ မင်္ဂလာဓာတ်ပုံတွေကို အွန်လိုင်းမီဒီယာကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ အင်္ဂလန်မှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ချစ်သူသက်တမ်း တစ်နှစ်ခန့်အကြာမှာ လက်ထပ်ဖို့ စီစဉ်ခဲ့ကြတာဖြစ်ပါတယ်။ မင်္ဂလာပွဲကိုတော့ လာမယ့် နိုဝင်ဘာ ၁၉ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်း သိရပါတယ်။

# ဘေဘုတ်ပေါ်မှာ နံပါတ်တစ်နေရာကို အများဆုံးပိုင်ဆိုင်နိုင်ခဲ့တဲ့ လေဒီဂါဂါ

အမေရိကန်ပေ့ါပ်စတား လေဒီဂါဂါဟာ ရာစုနှစ်တစ်ခုအတွင်း ဘေဘုတ်ရဲ့ တေးဂီတဇယားမှာ နံပါတ်တစ်နေရာကို အကြိမ်အများဆုံးရယူနိုင်ခဲ့တဲ့ အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လေဒီဂါဂါဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Joanne"ရဲ့ ရောင်းအားကောင်းမှုကြောင့် ဘေဘုတ်ရဲ့ တေးဂီတဇယားမှာ နံပါတ်တစ်နေရာကို လေးကြိမ်မြောက် ရောက်ရှိခဲ့ပါတယ်။ ယခင်က ဘေဘုတ်မှာ အကြိမ်အများဆုံး ရပ်တည်နိုင်ခဲ့တဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ တေလာဆွစ်တို့ကို ကျော်လွန်ကာ စံချိန်သစ်ချိုးနိုင်ခဲ့တာဖြစ်ပါတယ်။

အမျိုးသားတေးသံရှင်တွေထဲမှာတော့ ပေ့ါပ်အဆိုတော်ဂျက်စတင်ဘီဘာနဲ့ ရက်ပ်ပါတစ်ဦးဖြစ်သူ ဒရိတ်ခ်တို့က ခြောက်ကြိမ်အထိ နံပါတ်တစ်နေရာကို ရယူထားပြီး ဗြိတိန်ပေ့ါပ်တေးဂီတအဖွဲ့ "One Direction"နဲ့ ကန်းရီဝက်စ်ထ်တို့ကတော့ လေးကြိမ်စီရောက်ရှိခဲ့ဖူးကာ ဒုတိယမြောက် အကြိမ်အများဆုံး တေးသံရှင်တွေအဖြစ် ရပ်တည်လျက်ရှိပါတယ်။

ယခုလိုအောင်မြင်မှုရရှိခဲ့တာနဲ့ ပတ်သက်ပြီး ဂါဂါက သူ့ရဲ့ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း သူ့ရဲ့တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်



aumv [ vawGu;ua [ vOkfu , ftGa;

***ယခုသီတင်းပတ်အတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***



## မင်းသား ဟယ်ရီနဲ့ မက်ဂန် မာကယ်လ်တို့က ချစ်သူတွေပါ

ဝေးလ်စ်ရဲ့ တော်ဝင်မင်းသားလေး ဟယ်ရီဟာ အမေရိကန်လူမျိုး ဟောလိဝုဒ်မင်းသမီးချော မက်ဂန်မာကယ်နဲ့ ချစ်သူတွေအဖြစ် တွေ့ဆုံနေကြောင်း ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ ဖောက်ဇ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်းသားဟယ်ရီနဲ့ အသက် (၃၅)နှစ်အရွယ် မက်ဂန်တို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လျှို့ဝှက်ချိန်းဆိုတွေ့ဆုံမှုတွေ ရှိနေတာဖြစ်ပြီး ညစာစားပွဲတွေနဲ့ ရေကူးကန်တွေမှာပါ အတူတွဲတွေ့ရကြောင်းလည်း သိရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ မေလအတွင်းက စတင်တွေ့ဆုံခဲ့တာဖြစ်ပြီး လတ်တလောအချိန်အထိ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို တစ်ဦးတစ်ယောက်ကမျှ အတည်ပြုဖွင့်ဟခြင်းမရှိသေးတဲ့အတွက် အဆိုပါကောလာဟလဟာ မီဒီယာတွေရဲ့ စောင့်ကြည့်ခြင်းခံနေရတဲ့ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ဖြစ်နေပါတယ်။



## ဘရွတ်ခ်လင်းဘက်ခမ်းနဲ့ ဆိုဖီယာရစ်ချီတို့ တွဲနေကြတာလား

ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းနဲ့ မော်ဒယ်၊ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့ သားဖြစ်သူ ဘရွတ်ခ်လင်းဘက်ခမ်းနဲ့ လီရွန်နယ်ရစ်ချီရဲ့ သမီးဖြစ်သူ ဆိုဖီယာရစ်ချီတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြတယ်လို့ သတင်းတွေထွက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လူငယ်စုံတွဲတစ်တွဲဖြစ်တဲ့ သူတို့နှစ်ဦးကို အောက်တိုဘာ ၃၀ ရက် ညသန်းခေါင်အချိန်မှာ လော့စ်အိန်ဂျလိစ်ရဲ့ ဘရေဗာလီဟေးလ်ဇရိယာအတွင်း ရယ်လျက်ပြုံးလျက်အတူတွဲကာ အပန်းဖြေလမ်းလျှောက်ထွက်နေတာတွေ့ရပြီးတဲ့နောက် ယခုလို ကောလာဟလတွေကြီးထွားလာခဲ့တာပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးကို ယခုလိုအတူတွဲတွေ့ရတာ ပထမဦးဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့တဲ့ ကန်းရီဝက်စ်ထ်ရဲ့ တေးဂီတဖျော်ဖြေပွဲကိုလည်း ဂျက်စတင်ဘီဘာရဲ့ ချစ်သူဟောင်းဖြစ်တဲ့ ဆိုဖီယာနဲ့ ဘရွတ်ခ်လင်းတို့ အတူတက်ရောက်ခဲ့သေးကြောင်း သိရပါတယ်။

## ရင်သွေးလေး လွယ်ထားရတယ်လို့ သတင်းတွေထွက်နေတဲ့ ရီဟားနား

ပေ့ါပ်ဘုရင်မ ရီးဟားနားဟာ သူ့ရဲ့ချစ်သူဟောင်း ရက်ပ်အဆိုတော် ဒရိတ်ခ်နဲ့ ရရှိတဲ့ရင်သွေးလေးကို လွယ်ထားရပုံရှိကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

နေရှင်နယ်အန်ကွိုင်းယာရာဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ မကြာသေးမီက ရိုက်ကူးထားတဲ့ ရီဟားနားရဲ့ဓာတ်ပုံတွေမှာ သူ့ရဲ့ဝမ်းဗိုက်ပိုင်းကို ဖုံးအုပ်ထားပေမယ့် အဆိုပါဓာတ်ပုံတွေအရ ရင်သွေးလေးလွယ်ထားရပုံပေါ်နေကာ ယင်းရင်သွေးလေးဟာ မကြာသေးမီကမှ လမ်းခွဲခဲ့တဲ့ ချစ်သူဟောင်း ဒရိတ်ခ်နဲ့ ရရှိခဲ့တဲ့ ရင်သွေးဖြစ်နိုင်ကြောင်း ဖော်ပြခဲ့တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ရီဟားနားရဲ့ သူငယ်ချင်းတစ်ဦးကလည်း ကလေးတစ်ဦးဟာ မိဘနှစ်ပါးစလုံးကိုလိုအပ်ကြောင်း ရီဟားနားက ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

လတ်တလောမှာ ဒရိတ်ခ်ကတော့ တေလာဆွစ်နဲ့ သတင်းတွေထွက်နေပြီး သူက တေလာကို မိဘတွေနဲ့ပါ မိတ်ဆက်ပေးပြီးဖြစ်ကြောင်း သိရပါတယ်။



## မြဝတီရုပ်မြင်သံကြား

**၂-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၁ ဓမ္မပူဇာတေး
- ၈း၀၅ ဥဥဗ အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ သူနှင့်သူ၏သီချင်းများ
- ၉း၃၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၁၀ Made In Myanmar
- ၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၃၅ Journal Talk
- ၁၀း၅၀ သီချင်းလက်ဆောင်
- ၁၁း၂၅ ကျန်းမာသုတ
- ၁၁း၄၀ Sport Review
- ၁၂း၀၀ ခရီးလည်းသွားစကားလည်ဆို
- ၁၂း၁၅ DVD Hits
- ၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
- ၄း၂၅ ရှေးဟောင်းသုတ
- ၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၅း၁၀ ပန်းကလေးများပွင့်တော့မည်
- ၆း၁၅ Top Magic
- ၆း၃၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၄)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ရယ်စရာပျော်စရာဟာသကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၁၅)

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (လက်ရှိစတော့ဈေးကွက်နှင့် အနာဂတ်အလားအလာအကြောင်း) (အပိုင်း-၄)
- ၈း၃၅ စိုက်ပျိုးရေးရာအဖြေရှာ "တောင်သူဘဝမြင့်မားစေရာ စက်မှုလယ်ယာ"
- ၉း၃၅ ပြည်သူ့နီတိ "ထမင်းဝိုင်း" (စတုတ္ထပိုင်း) (နွဲ့နွဲ့စန်း၊ ဝင်းမြိုင်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို)
- ၁၀း၃၅ အထွေထွေသုတနှင့် ကျန်းမာရေး (ချင်းအကြောင်း)
- ၁၁း၁၅ "ဘေးကင်းသောအစာ ဆေးဝါးမှသည် ကျန်းမာဖွံ့ဖြိုးသော လူ့ဘောင်ဆီ"
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၃)
- ၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၁)
- ၂း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ထွန်းအိန္ဒြာဗို)
- ၂း၃၅ Sunday Talk
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၂)
- ၄း၁၅ "ဘောလုံးအားကစားနည်းအခြေခံနည်းစနစ်များ" (အပိုင်း-၁) (အလယ်တန်းကစားသမား)
- ၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက် အသင်း)
- ၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (အောင်မြင်သူနှင့် စောလယ်ဘွဲ့ထူး)
- ၅း၃၅ NHK Programme "လှိုင်းများကို နားလည်ကြည့်ခြင်း" (မြေလျှင်လှိုင်းများ)
- ၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အပြောင်းအလဲကလေး" (ဒေါ်ခင်ခင်ကြီး၊ ရဲလင်း၊ ရွှေဖူးစာ) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)]
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃၃)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
  - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃၂)
  - ဂီတသမား၊ ဂီတစကား (အလင်္ကာကျော်စွာ မြို့မငြိမ်း၏ ရှားပါးဟာသသီချင်းများ)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

အားကစား

# မော်ရင်ဟိုလက်ထက် မန်ယူတွင် မိမိအရေးပါသည်ဟု ခံစားရကြောင်း မာတာဖွင့်ဟ

မန်ယူသို့ နည်းပြမော်ရင်ဟို ရောက်ရှိလာချိန်တွင် မာတာ၏ မန်ယူကစားသမားဘဝ အဆုံးသတ်သွားနိုင်ကြောင်း ခန့်မှန်းရေးသားမှုများ ပလူပျံအောင်ထွက်ခဲ့ပြီး လအနည်းငယ်အကြာတွင် နည်းပြမော်ရင်ဟို လက်အောက် မန်ယူ၌ မိမိအရေးပါသည်ဟု ခံစားရကြောင်း မာတာက တုံ့ပြန်ပြောကြားလိုက်သည်။ မော်ရင်ဟိုသည် မာတာအား ချယ်လ်ဆီးမှ မန်ယူသို့ရောင်းချခဲ့သူဖြစ်ပြီး မာတာနှင့် ဆက်ဆံရေး အဆင်မပြေလည်ခဲ့သူဟု သတင်းထွက်ခဲ့သူဖြစ်ရာ မော်ရင်ဟို မန်ယူသို့ရောက်ရှိလာခြင်းက မာတာ၏ မန်ယူကစားသမားဘဝ အဆုံးသတ်ကို ဖန်တီးဦးမည်ဟု ယူဆချက်များ ထွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် မာတာသည် ဘန်လေနှင့် ရင်ဆိုင်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၁၀)တွင် မန်ယူအသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခွင့်ရခဲ့သလို ယခုနှစ်တွင် စုစုပေါင်း ပွဲစဉ် ၁၃ ပွဲ ဝင်ရောက်ကစားခွင့်ရပြီး သွင်းဂိုး သုံးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီးဖြစ်သည်။

မာတာက "ကျွန်တော် မန်ယူကစားသမားဘဝ မတူညီတဲ့ မန်နေဂျာတွေရဲ့ လက်အောက်မှာ အနိမ့်အမြင့် အတက်အကျတွေပေါင်းစုံ တွေ့ကြုံခံစားရပေမယ့် ကျွန်တော်ဟာ အမြဲတမ်းအရေးပါတဲ့ ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ခုလည်း ကျွန်တော်ဟာ အရေးပါတဲ့ ကစားသမားလို့ ခံစားရပါတယ်။ ဒါကြောင့် ဘယ်သူတွေ ဘယ်လိုပြောစကားတွေနဲ့ ပြောကြပါစေ ကျွန်တော်ဟာ ကျွန်တော့်အလုပ်ကို အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ တယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင်မာတာက မော်ရင်ဟိုနှင့် ချယ်လ်ဆီးကစားသမားဘဝကလည်းမပြေလည်ခြင်း မရှိခဲ့သော်လည်း ယင်းဆက်ဆံရေးကို ပရော်ဖက်ရှင်နယ် ဆက်ဆံရေးဟုသာ အမည်တပ်နိုင်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။ မာတာမှာ လက်ရှိ မန်ယူကစားသမားများထဲတွင်အကောင်းဆုံး ပုံစံပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းလိုအပ်ချိန်တိုင်းတွင် သူ၏ သွင်းဂိုးများဖြင့် အထောက်အကူပြုနိုင်သူဖြစ်သည်။ သို့သော် မန်ယူအသင်းသည် ဘန်လေနှင့် ဂိုးမရှိသရေကျခဲ့ခြင်းကြောင့် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် ၁၀ ပွဲမှ ရမှတ် ၁၅ မှတ်သာ စုဆောင်းနိုင်ခဲ့ရာ ယင်းရမှတ်သည် မိုယက်စ်လက်အောက် ၁၇ မှတ်၊ ဗန်ဟားလ်လက်ထက် ရမှတ် ၂၀ ထက်ပင် လျော့နည်းနေခြင်းကြောင့် မော်ရင်ဟိုလက်အောက် မန်ယူကစားပုံ ပို၍ပင် ကျဆင်းသွားသည်ဟုသော ဝေဖန်ချက်များ ထွက်လာခဲ့သည်။





## ပရီမီယာလိဂ်ချန်ပီယံအဖြစ် အာဆင်နယ် အောင်ပွဲခံနိုင်မည်ဟု အွန်နရီ ယုံကြည်

အာဆင်နယ်အသင်းနည်းပြ ဝင်းဂါး၏ ယခုနှစ်ပြောင်းလဲကျင့်သုံးနေသည့် လူထုတ်ပုံက ပရီမီယာလိဂ်ချန်ပီယံဆုကို အာဆင်နယ်ရရှိစေနိုင်လိမ့်မည်အထိ အထောက်အပံ့ပြုမည်ဖြစ်ကြောင်း အာဆင်နယ် ဂန္ထဝင်တိုက်စစ်မှူး အွန်နရီက ချီးကျူးစကားဆိုခဲ့သည်။

အွန်နရီသည် လွန်ခဲ့သည့် တစ်ရာသီကျော်ကာလက ဂီရောဒ်သာ အာဆင်နယ်အသင်း အဓိကတိုက်စစ်မှူးဖြစ်နေသေးသရွေ့ အာဆင်နယ်မည်သည့်အခါမျှ ပရီမီယာလိဂ်ချန်ပီယံ ပြန်ဖြစ်နိုင်တော့မည် မဟုတ်ဟူသော မှတ်ချက်ချခဲ့ရာ ကာယက်ရှင် ဂီရောဒ်ဒေါသထွက်ပေါက်ကွဲခဲ့သလို နည်းပြ ဝင်းဂါးကလည်း အွန်နရီအား ပြစ်တင်ဝေဖန်ခဲ့သည်။ အွန်နရီက အာဆင်နယ်အနေဖြင့် ဂီရောဒ်ကို ပွဲထွက်ကစားသမားအဖြစ် အသုံးမပြုဘဲ လူစားလဲကစားသမားအဖြစ် ဝင်ရောက်စေခြင်းက ပို၍ကောင်းမွန်သည့် နည်းဗျူဟာတစ်ရပ်ဟု ရှုမြင်သည်။

ဝင်းဂါးသည် ယခုနောက်ပိုင်းပွဲစဉ်များတွင် တောင်ပံတိုက်စစ်မှူး ဆန်းချက်ဇ်အား ဗဟိုတိုက်စစ်နေရာတွင် နေရာပြောင်းကစားစေပြီး တိုက်စစ်လမ်းကြောင်းကို စတင်ကစားစေပြီးမှ ဂိုးရရန်ခက်သည့် အချိန်များတွင် ဂီရောဒ်ကို လူစားလဲ ကစားသမားအဖြစ်ထည့်သွင်းပြီး ဆန်းချက်ဇ်က တောင်ပံသို့ထွက်ကာ ကစားသည့် ဗျူဟာခင်းကျင်းခဲ့ခြင်းဖြစ်သည်။ ယင်းဗျူဟာ မည်မျှအလုပ်ဖြစ်ခဲ့သည်ဆိုသည်ကို ဆန်းဒါးလန်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပြီးနောက် အွန်နရီက ဝင်းဂါး အာဆင်နယ်နှင့် အလိုက်ဖက်ဆုံး အခင်းအကျင်းကို ရှာဖွေနိုင်ခဲ့ပြီး အာဆင်နယ်အနေဖြင့် ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ကို ပြန်လည် ဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဆိုလိုက်သည်။

အွန်နရီက "အရင်က မန်ယူမှာ ရှရင်ဂမ်နဲ့ ဆိုလ်ရှား၊ အာဆင်နယ်မှာ ဗီးလ်တော့ဒ်၊ မန်စီးတီးမှာ ဇက်ကိုတို ရှိခဲ့သလို ခုဂီရောဒ်ကလည်း အဲလို ထိပ်တန်းလူစားလဲကစားသမား (Super Sub) အဖြစ် အကောင်းဆုံး ကစားနိုင်မယ့်သူပါ။ အသင်းမှာ ဆန်းချက်ဇ်လို ပင်နယ်တီအတွင်းစည်း အဆုံးသတ်ပိုင်း သေချာတဲ့ ကစားသမားရှိနေချိန်မှာ ဂီရောဒ်ကို လူစားလဲကစားခိုင်းတဲ့အခါ တိုက်စစ်အင်အား သိသိသာသာ တက်လာတာကိုတွေ့ရပါတယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂီရောဒ်မှာ ဆန်းဒါးလန်းနှင့် ပွဲစဉ်တွင် လူစားဝင်ရောက်လာပြီးနောက် ငါးမိနစ်အတွင်းမှာပင် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

## ဒေါ့မွန်အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိတက်ရောက်ရန် ရည်မှန်းထား

ဒေါ့မွန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီကကဲ့သို့ ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ တက်ရောက်ရန် ရည်မှန်းထားကြောင်း ဒေါ့မွန်ကွင်းလယ်လူ ဂေါ့ဇီက ထုတ်ဖော်ပြောကြားလိုက်သည်။ ဒေါ့မွန်အသင်းသည် အုပ်စု(F)တွင် ရမှတ် ခုနစ်မှတ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဇယားထိပ်ကို ဦးဆောင်ထားနိုင်သည်။ အကယ်၍ ဒေါ့မွန်သည် အုပ်စုပထမဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်လျှင် အင်အားကြီးအသင်းကြီးများကို ရှောင်လွှဲနိုင်သည့် အခွင့်အရေးရှိရာ ဒေါ့မွန်အသင်းကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်လိမ့်မည်ဟု အများစုက ခန့်မှန်းကြသော်လည်း ဂေါ့ဇီကမူ ဒေါ့မွန်၏ ရည်မှန်းချက်အစစ်မှာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ရေးသာဖြစ်သည်ဟု ပြောကြားခဲ့သည်။

### နိုဝင်ဘာ ၃ ရက် ယှဉ်ပြိုင်ကစားမည့်ချန်ပီယံလိဂ်ပွဲစဉ်များ

| | | |
|---|---|---|
| မိုနာကို | - | CSKAမော်စကို |
| နံနက်-၂း၁၅ | | |
| စပါး | - | လေဗာကူဆင် |
| နံနက်-၂း၁၅ | | |
| ဒေါ့မွန် | - | စပိုတင်းလစ္စဘွန်း |
| နံနက်-၂း၁၅ | | |
| လီဂီယာဝါဆော | - | ရီးယဲလ်မက်ဒရစ် |
| နံနက်-၂း၁၅ | | |
| ကိုပင်ဟေဂင် | - | လက်စတာ |
| နံနက်-၂း၁၅ | | |
| ပေါ်တို | - | ဘရူဂေး |
| နံနက်-၂း၁၅ | | |
| ဆီဗီလာ | - | ဒိုင်နမိုဇာဂရက် |
| နံနက်-၂း၁၅ | | |
| ဂျူဗင်တပ် | - | လီယွန် |
| နံနက်-၂း၁၅ | | |

မောင်မောင်ဇော်



## ဗာရက်တီကို အာဆင်နယ်၊ ချယ်လ်ဆီးနှင့် အင်တာမီလန်တို့ အလိုရှိနေ

ပီအက်စ်ဂျီ ကွင်းလယ်လူ ဗာရက်တီကို ပရီမီယာလိဂ်ကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့မှ ချိတ်ဆက်နေသလို စီးရီးအေကလပ်များဖြစ်သည့် ဂျူဗင်တပ်၊ အင်တာမီလန်တို့ကလည်း ကမ်းလှမ်းလာခဲ့ကြောင်း ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။ အင်တာမီလန်သည် ဗာရက်တီအတွက် ပြောင်ရွှေ့ကြေးပေါင် ၅၈ သန်းအထိ ကမ်းလှမ်းခဲ့သလို တစ်ဖက်တွင်လည်း ဗာရက်တီနှင့် ပီအက်စ်ဂျီနည်းပြအမ်မရီတို့ကြား ဆက်ဆံရေးမပြေလည်မှုကြောင့် အဆိုပါအပြောင်းအရွှေ့မှာ ဖြစ်မြောက်ရန် အလားအလာ များနေခြင်းဖြစ်သည်။

အင်တာမီလန်အသင်းအား တရုတ်လုပ်ငန်းစုတစ်ခုမှ ဝယ်ယူခဲ့ပြီးနောက် ဘဏ္ဍာရေးအင်အားတောင့်တင်းလျက်ရှိရာ ဗာရက်တီအတွက် ယင်းမဟာဗျူဟာကို သုံးစွဲရန် ဝန်လေးမည်မဟုတ်သောကြောင့် ဥရောပအင်အားကြီး ကလပ်အသင်းကြီးများ အပြိုင်အဆိုင် ကမ်းလှမ်းနေသည့်ကြားထဲတွင် အင်တာမီလန်က အမြင့်မားဆုံးစျေးနှုန်းဖြင့် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

## အားကစားလောက သတင်းတိုများ

- အစွတ်ကိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပွဲထွက်ခွင့်များ ပြန်လည်ရရှိနေပြီ ဖြစ်သော်လည်း ၎င်းစပိန် ကွင်းလယ်ကြယ်ပွင့်ကို ခေါ်ယူရန် ဆက်လက်အားထုတ်သွားမည်ဖြစ်ကြောင်း စပါးနည်းပြ ပိုချက်တီနိုက ပြောကြားခဲ့သည်။
- ချယ်လ်ဆီးအသင်းတွင် ပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် နောက်ခံလူ အိုင်ဗန်နိုဗစ်ချ်ကို ခေါ်ယူနိုင်ရန် ခရစ္စတယ်ပဲလေ့စ် နည်းပြ အလန်ပါဂျူးက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။
- ပြင်သစ် ပထမတန်းကလပ် လိုင်ယွန်အသင်း တိုက်စစ်မှူး လာကာဇက်တီအား ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူရန် ကြိုးပမ်းနေခြင်းကြောင့် လိုင်ယွန်ဘက်မှလည်း သက်တမ်းတိုးစာချုပ်သစ် ထပ်မံချုပ်ဆိုရန် အလျင်အမြန် အားထုတ်လျက်ရှိသည်။
- စတုတ်ကစားသမား ရှာကွီရီအား ခေါ်ယူရန် အီတလီ ကလပ်အသင်းများမှ ပြန်လည်ကြိုးပမ်းလာပြန်သဖြင့် ရှာကွီရီမှာ ရောင်းချမည့်စာရင်းတွင် ပါဝင်သည့် ကစားသမားမဟုတ်ကြောင်း စတုတ်နည်းပြ မားဟုချ်က တုံ့ပြန်စကားဆိုခဲ့သည်။

မေလှသင်း - စုစည်းသည်

## ရွှေဘိုမြို့ရေသန့်ရေပေးဝေနိုင်ရေးစီမံကိန်းအားပြည်သူများနှင့်ဒုတိယအကြိမ်ဆွေးနွေး

**ရွှေဘို နိုဝင်ဘာ ၁**

ရွှေဘိုမြို့ ရန်ကြီးအောင် ရေပေးဝေရေးခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့အတွင်း ရေသန့်ရေ ပေးဝေနိုင်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး ပြည်သူများနှင့် စျေးနှုန်းညှိနှိုင်းခြင်းများ၊ ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေရှင်းပေးသည့်ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ရဲမှူးကြီးမြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး NEXUS GROUP OF COMPANIES ဥက္ကဋ္ဌ ဦးစွမ်းသူရက မိမိတို့ ကုမ္ပဏီကဆောင်ရွက်မည့် အစီအမံများ၊ ကုန်ကျမည့်ငွေကြေးများကို ပြည်သူများသိရှိအောင် ပြောကြားပြီး ပြည်သူများထံမှ ကောက်ခံမည့် တစ်မီတာစျေးနှုန်းများနှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်။ တက်ရောက်လာသောပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးစွမ်းသူရက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ**(iprd)



## ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်တို့ စန္ဒားခမ်း(ပင်လောင်း၊ နောင်တရား) သို့ ဒေသစာရီပင့်ဆောင်အပူဇော်ခံ

**ကျောက်တလုံးကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်တို့သည် စံမြန်းရာကက္ကူဘုရားကျောင်းတော်မှ အောက်တိုဘာ ၃၀ ရက် (သီတင်းကျွတ်လကွယ်နေ့)၌ စန္ဒားခမ်း(ပင်လောင်း၊ နောင်တရား)ဒေသသို့ ဒေသစာရီပင့်ဆောင် အပူဇော်ခံခဲ့ကြောင်း သိရသည်။

ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်သည် လမ်းခရီးတွင် ရွာစဉ်တစ်လျှောက် လှည့်လည် အပူဇော်ခံပြီး မွေတော်ကက္ကူ အောင်ဆုပေါ်ဘုံဓမ္မာရုံမှ မွန်းလွဲ ၁ နာရီတွင် ကျောက်တလုံးကြီးမြို့သို့ ပင့်ဆောင်အပူဇော်ခံရာ ကျောက်တလုံးကြီးမြို့ ပထမနိမ္မိတသပိတ်မြတ်စေတီတော်သို့ ညနေ ၃ နာရီတွင် ရောက်ရှိပြီး တစ်ညတာကျိန်းစက်အပူဇော်ခံရာ ဒေသခံတိုင်းရင်းသားမိဘပြည်သူများ လာရောက်ဖူးမြော်ကြကြောင်းသိရသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်သည် ကျောက်တလုံးကြီးမြို့မှ နိုဝင်ဘာ ၁ ရက် (တန်ဆောင်မုန်းလဆန်း ၁ ရက်) နံနက် ၈ နာရီက စန္ဒားခမ်း(ပင်လောင်း၊နောင်တရား) ဒေသသို့ ဆက်လက်ကြွချီအပူဇော်ခံပြီး ပင်လောင်းမြို့ မွေတော်ဘုရားကြီးသို့ နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်မုန်းလဆန်း ၁၂ ရက်) တွင် တစ်ညတာ ကျိန်းစက်အပူဇော်ခံမည်ဖြစ်သည်။ နိုဝင်ဘာ ၁၄ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် မူလစံမြန်းရာ ကက္ကူဘုရားကျောင်းတော်သို့ ပြန်လည်ကြွချီမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံး)**

## ရွေ့လျားယာဉ်ဖြင့် မူးယစ်ဆေးဝါးကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ လှည့်လည်အသိပညာပေးဟောပြော

**ဘောလခဲ နိုဝင်ဘာ ၁**

ကယားပြည်နယ်ရဲတပ်ဖွဲ့မှ မူးခင်းပညာပေးယာဉ်ဖြင့် ဘောလခဲခရိုင်အတွင်းရှိ မြို့နယ်များသို့ ခရိုင်ရဲတပ်ဖွဲ့မှူးကြီး စိုးမင်းလှိုင် ဦးဆောင်သောအဖွဲ့က အောက်တိုဘာ ၂၆ ရက်မှ ယနေ့ထိ ခရိုင်အတွင်းရှိ မြို့နယ်များမှ အ-ထ-က ကျောင်းများ၊ အားကစားကွင်းရှေ့၊ စစ်ဗျူဟာအခြေချ ဘောလခဲတို့၌ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များအား မူးခင်းနှင့် ယာဉ်စည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**



## မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ မှုခင်းအသိပညာကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အသိပညာပေးလုပ်ငန်းများကို မြို့ပေါ်သာမကဘဲ ကျေးလက်ဒေသပါမကျန် UD Counter ၁၀ ဘီးမော်တော်ယာဉ်ဖြင့် သွားရောက်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်မှာ ရဲတပ်ဖွဲ့မှဆောင်ရွက်နေသည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို သိရှိစေရန်၊ ပြည်သူများ ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုပါ ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ပညာပေခြင်းလုပ်ငန်းကို နေရာအနှံ့ လိုက်လံပြသဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေးလုပ်ငန်းကို စက်တင်ဘာလ ၁ ရက်နေ့မှစ၍ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြို့နယ် ပေါင်း ၃၄ မြို့နယ်တို့တွင် ပြည်သူ ၂၀၁၅၀ ခန့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၅၉၃၄ ဦးခန့်၊ တပ်မတော်သားနှင့် မိသားစု ၃၄၀ ခန့်တို့ လေ့လာခဲ့ကြပြီး လာရောက်လေ့လာသူများ မှုခင်းအသိပညာရရှိ စေရေးအတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့သည့် အပြင် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူတို့ သိရှိလိုသည့် မှုခင်းကိစ္စများ အသိပညာပေးခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မကူးစက်တတ်သောရောဂါများအကြောင်း အသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေး

**ရေစကြို နိုဝင်ဘာ ၁**

ပခုက္ကူခရိုင် ရေစကြိုမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ရေစကြိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသော မကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း အခမ်းအနား ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က ကျန်းမာစေသော ဘဝနေထိုင်နည်းအကြောင်း သိကောင်းစရာများ အသိပညာပေးဆွေးနွေးသည်။ လက်ထောက် ကျန်းမာရေးမှူး ဦးဝင်းထွန်းက သွေးတိုး၊ ဆီးချိုနှင့် သွေးချိုရောဂါများအကြောင်း သိကောင်းစရာများအား အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ မကူးစက်တတ်သော ရောဂါများအကြောင်း ပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အခြားဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျန်းမာရေးဆေးစစ်ပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်စိုး**

## သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ ( MITT ) မှ သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်ပွဲလှူဒါန်းသည့် အခမ်းအနားအား ယနေ့ နံနက် ၁၀ နာရီတွင် တက္ကသိုလ်ပင်မဆောင် အခန်း(C-6)တွင် ကျင်းပသည်။

အခမ်းအနား၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က အဖွင့် အမှာစကား ပြောကြားခဲ့ပြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ ( MITT ) မှ အထွေထွေမန်နေဂျာ ဦးမင်းကြည်က သင်ကြားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး USD 6000 တန်ဘိုးရှိ Computer Sets၊ Copiers (Print, Copy, Scan)၊ Printer၊ Projector & Screen၊ Desk & Chairs များအား ပေးအပ်လှူဒါန်းခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က လက်ခံရယူခဲ့ပြီး ပါမောက္ခချုပ်က MITT ကိုယ်စား အထွေထွေ မန်နေဂျာ ဦးမင်းကြည်အား ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်သည်။

MITT အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများ အထူးသဖြင့် ဆိပ်ကမ်းအင်ဂျင်နီယာကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် စဉ်ဆက်မပြတ် ပညာသင်ဆုများချီးမြှင့်လာခဲ့ရာ နှစ်စဉ် ဆိပ်ကမ်းအင်ဂျင်နီယာနောက်ဆုံးနှစ်ထူးချွန် ကျောင်းသား ၁၀ အား ရွေးချယ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီချီးမြှင့်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကျောင်းသားတစ်ဦးစီအတွက် အမေရိကန် ဒေါ်လာ ၂၀၀ ထိတိုးမြှင့် ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

ထို့အပြင် ၂၀၀၇ ခုနှစ်မှစ၍ ဆိပ်ကမ်းအင်ဂျင်နီယာ ကျောင်းသားများထဲမှ အထူးချွန်ဆုံး ကျောင်းသားတစ်ဦးအား MITT ၏ မိခင်ကုမ္ပဏီဖြစ်သော Hutchison Port Holding မှ ရွှေတံဆိပ်ဆု ( Hutchison Port Holding HPH ) နှင့် ငွေသားအဖြစ် အမေရိကန် ဒေါ်လာ ၁၀၀၀ ကို ချီးမြှင့်ခဲ့ရာ ယခုနှစ်အထိ ၁၁ ကြိမ် ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

# မိုးရွာသွန်းမှုကြောင့် မလှိုင်မြို့နယ်အတွင်းရှိ မြင်းတွင်းကန်ကျိုးပေါက်

**မလှိုင် နိုဝင်ဘာ ၁**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်ည ၁၀ နာရီမှစတင်၍ မိုးမပြတ်ရွာသွန်းခဲ့သဖြင့် မြင်းတွင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၇) ရှိ မြင်းတွင်းကန် တာပေါင်ကျိုးပြတ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် မြင်းတွင်းကန်ကန်ပေါင် အလျား ပေ ၈၀၊ အမြင့် ၁၂ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေ ခန့် ကျိုးပေါက်ခဲ့ပြီး ရေများလျှံထွက်လျက်ရှိသည်။ ကန်ပေါင် ကျိုးပေါက်မှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါကန်မှာ အလျား ပေ ၁၀၈၀၊ အမြင့် ၁၂ပေ၊ ထိပ်ပြင်အကျယ် ၁၄ပေ ရှိပြီး ကျေးလက်ရန်ပုံငွေဖြင့် တူးဖော်ပေးထားသော သောက်သုံးရေကန် ဖြစ်သည်။

“ကျနော်တို့ရွာမှာ အိမ်ခြေ ၁၆၀၊ လူဦးရေ ၈၀၀ ခန့်ရှိပြီး ဒီကန်အောက်ဖက်ရှိ ရေတွင်းက သောက်ရေအဖြစ် တစ်ရွာလုံးဝိုင်းအသုံးပြုနေရတာပါ။ ရေတွင်းက ဒီတစ်တွင်းတည်း ရှိတာပါ။ ကျွဲ၊ နွား တိရစ္ဆာန် သောက်ရေအတွက်လည်း ဒီကန်ကိုပဲ အားကိုးနေရတာပါ။ ကန်ရေရှိမှ ရေပေါ်များလို့ ကန်ရေမကုန်အောင် ဝိုင်းပြီး ပိတ်ဆို့နေတာပါ။ ဒါ့အပြင် သောက်သုံးရေသာမက ကန်ရေပြည့်လျှင် တစ်ပိုင် တစ်နိုင် ရေတင်စက်နဲ့ ရေသွယ်စိုက်ပျိုးလို့ရတဲ့အတွက်လည်း ကျွန်တော်တို့ကျေးရွာအတွက် အားထားရတဲ့ ကန်ဖြစ်ပါတယ်” ဟု ဒေသခံ ရွာသား ဦးလှသောင်းက ပြောပြသည်။

အဆိုပါနေ့က ကန်ပေါင်ကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ဒေသခံများနှင့်အတူ သဲအိတ်များ ကူညီချထားပေးခဲ့ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**



# ကျောင်းကုန်းမြို့၌ (၄၂)ကြိမ်မြောက် ဘိုးဘွားပူဇော်ပွဲကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အောင်ဆန်းရပ်ဓမ္မရောင်ခြည် ဓမ္မာရုံ၌ (၄၂)ကြိမ်မြောက် သံဃာတော်များ ဆွမ်းဆက်ကပ်လှူပွဲနှင့် ဘိုးဘွားပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏာရာမ (ရွှေကျင်) ပရိယတ္တိစာသင်တိုက်မှ စာချဆရာတော် အရှင်သောပါက အနုမောဒနာတရား ချီးမြှင့်ခဲ့ပြီး သံဃာငါးပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အသက် ၇၅ နှစ်နှင့်အထက် အဘိုး ၁၃ ဦး၊ အဘွား ၂၉ ဦး စုစုပေါင်း ၄၂ ဦးအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ခဲ့သည်။

ယခုပြုလုပ်သော (၄၂)ကြိမ်မြောက် ဘိုးဘွားပူဇော်ပွဲတွင် အဘိုးအဘွား ၄၂ ဦးအား အလှူငွေကျပ် ၃၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀ ခန့် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# စိတ်ဖိစီးမှုများ တစ်နည်းတစ်ဖုံလျှော့ချနိုင်ကြစေရန် စနစ်ကျသော အသက်ရှူခြင်းအတတ်ပညာသင်တန်းပို့ချမည်



**ရန်ကုန် နိုဝင်ဘာ ၁**
လူမှုဘဝအတွင်း နေ့စဉ်ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများအား တစ်နည်းတစ်ဖုံ လျှော့ချနိုင်ကြစေရန်အတွက် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၂ နိုင်ငံတွင် သင်ကြားပြသပေးနေသည့် Sudarshan Kriya (စနစ်တကျသောအသက်ရှူခြင်း အတတ်ပညာ) သင်တန်းအား THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်း အနုပညာအဖွဲ့အစည်းမှ စမ်းချောင်းမြို့နယ် ပန်းလှိုင်လမ်းရှိ MAHLZEIT (German Restaurant) Opp Asia Royal Hospital ၌ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်ထိ သင်ကြားပို့ချမည်ဖြစ်သည်။ အဆိုပါ HAPPINESS PROGRAM ဖြစ်သည့် စနစ်ကျသော အသက်ရှူခြင်းအတတ်ပညာအပါအဝင် ယောဂ(Yoga)၊ ပရားဏာရာမ်း(Pranayama) နှင့် တရားရှုမှတ်ခြင်း (Meditation) တို့ကို အိန္ဒိယနိုင်ငံမှ ဝါရင့်ဆရာဖြစ်သော THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) ၏ Internationally Faculty မှ ဆရာ Samir Jolly က ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူများအတွက် စိတ်ပိုမိုကြည်လင်မှုကိုရရှိစေခြင်း၊ အကောင်းအဆိုးဖြစ်ပျက်မှုများအပေါ် တည်ငြိမ်အေးချမ်းစွာ တုံ့ပြန်နေထိုင်နိုင်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနှင့် စိတ်အားထက်သန်မှု တိုးလာခြင်း၊ မိမိ၏ကိုယ်ပိုင်စွမ်းအားကို ဖော်ထုတ်နိုင်ခြင်းနှင့် ဘဝ၏တန်ဖိုးကို သိရှိလာနိုင်စေခြင်း အကျိုးရလဒ်များ ရရှိလာနိုင်စရာအကြောင်းရှိကြောင်း သိရသည်။

THE ART OF LIVING MYANMAR မှ Volunteer မရှိုလာက “အခုကတော့ ဒီသင်တန်းမှာ သင်တန်းသားများအတွက် အသက်ရှူလေ့ကျင့်ခန်းကိုပို့ချပေးတာပါ။ ဒီလိုလေ့ကျင့်ခြင်းအားဖြင့် စိတ်ကိုတည်ငြိမ်လာစေပါတယ်။ ကိုယ့်ရဲ့ စိတ်၊ ခန္ဓာကိုယ်နဲ့ အသက်ရှူမှုကို တစ်ထပ်တည်းဖြစ်စေပါတယ်။ ပြီးတော့ တစ်ခုခုလုပ်မယ်ဆိုရင် ဆုံးဖြတ်ချက်တစ်ခုကိုလည်း သေချာချနိုင်သွားပြီး အလုပ်တွေကိုလည်း အာရုံစိုက်လုပ်နိုင်လာကြပါလိမ့်မယ်။ ဒီ့အပြင် ကျန်းမာရေးအရလည်း ဆီးချိုနဲ့သွေးတိုးအပါအဝင် အခြားရောဂါများကို သက်သာစေနိုင်ပါသေးတယ်။ ကျွန်မတို့ ဘဝရှင်သန်ခြင်းအနုပညာကနေ သင်တန်းသားများ အိမ်မှာကိုယ်တိုင် လေ့ကျင့်လို့ရအောင်လည်း ပို့ချပေးနေပါတယ်” ဟု ရှင်းပြသည်။

အဆိုပါ THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) အဖွဲ့အစည်း၏ရုံးချုပ်မှာ အိန္ဒိယနိုင်ငံရှိ ဘန်ဂလိုမြို့တွင်တည်ရှိကြောင်း၊ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်ထိ သင်ကြားပို့ချမည့် စနစ်ကျသော အသက်ရှူခြင်းအတတ်ပညာသင်တန်းအတွက်လည်း သင်တန်းသားဟောင်းများအား ဖိတ်ခေါ်လိုက်ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြီးခဲ့သည့် အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်ထိ သင်ကြားပို့ချခဲ့သော၊ စနစ်ကျသောအသက်ရှူခြင်း အတတ်ပညာသင်တန်း၌ နိုင်ငံခြားသားခရီးသွားဧည့်သည်များအပါအဝင် သင်တန်းသား ၁၀၀ ကျော်တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် လေ့ကျင့်သင်ကြားကြလိုပါက ဖုန်းနံပါတ် ၀၉-၂၅၀၃၁၇၃၂၃ နှင့် ၀၉၉၇၂၅၃၈၈၆၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) အဖွဲ့အစည်းမှ သိရသည်။ **(စိုးဝင်း-MLA)**

# ထားဝယ်မြို့တွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်

**ထားဝယ် နိုဝင်ဘာ ၁**
သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးကြီး၌ ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ထို့နောက် ထားဝယ်ခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၅ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိ အရေးပေါ် လူနာကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ မီးသတ် Ambulance တစ်စီး၊ ဇမ္ဗူသီရိ အရေးပေါ် လူနာ ကယ်ဆယ်ရေးအဖွဲ့မှ Ambulance နှစ်စီးတို့ဖြင့် စည်ပင်သာယာဈေးကြီးအတွင်း၌ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဆီမီးလောင်မှုများအား ရေမှုန်ပစ်သေနတ်ဖြင့် လက်တွေ့ သရုပ်ပြပြီး တက်ရောက်လာသော ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများက DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းသရုပ်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ ခရိုင်ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များ၊ ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင်ပြန်/ဆက်**





**အမှတ် (၇) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး(ယာယီ)ဒုတိယရဲမှူးကြီးကျော်ဇင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၆၀ တို့က အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက မြောက်ဥက္ကလာပဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- ၆၈၉

# ချောက်မြို့နယ် မကျီးကန်ကျေးရွာ၌ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ဖွင့်ပွဲကျင်းပ



**ချောက် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုအရ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ် ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရပ်ရွာလူထုအခြေပြု ခရီးသွားလာရေးလုပ်ငန်း (Community Based Tourism) ဖွင့်ပွဲကို စလေအုပ်စု မကျီးကန်ကျေးရွာ၌ အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် မကွေးတိုင်းဒေသကြီး စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မကျီးကန်ကျေးရွာအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Community development နှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးတာဝန်ခံ ဦးဖြိုးဝေရာဇာက မကျီးကန်ကျေးရွာ၌ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မကျီးကန်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးပန်းမွှေးက မိမိတို့ကျေးရွာ ရပ်ရွာလူထုအခြေပြု Community Based Tourism လုပ်ငန်းနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းကဲ့သို့ မကျီးကန်ကျေးရွာ၌ ရပ်ရွာလူထုအခြေပြု ခရီးသွားလာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများ လူမှုဘဝတိုးတက်မြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်၊ မိမိတို့၏ယဉ်ကျေးမှုထုံးတမ်းဓလေ့ အစဉ်အလာများ ထုတ်ဖော်ပြသနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## ဒေသဆိုင်ရာရဲဝန်ထမ်းများ ခန့်အပ်တာဝန်ပေးမည်

**ပုလော နိုဝင်ဘာ ၁**

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ဒေသဆိုင်ရာရဲဝန်ထမ်းများ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ခန့်အပ်ရာတွင် ပညာအရည်အချင်း လေးတန်းအောင်၊ အသက် ၁၈ နှစ်မှ ၃၀ အထိ အမျိုးသား၊ အရပ် ၅ ပေ ၂ လက်မ၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး မြိတ်မြို့ ကဘင်ကျေးရွာအုပ်စု ကဘင်ကျေးရွာတွင်ဖွင့်လှစ်သော ရဲသင်တန်းကျောင်းတွင် သင်တန်းလေးလတက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းအောင်မြင်ပါက မိမိတို့ဒေသအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ခန့်အပ်ခြင်းခံရသော ရဲဝန်ထမ်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတိုင်း သင်တန်းတက်ရောက်သည့်နေ့မှစ၍ လစာငွေကျပ် ၁၂၀၀၀၀၊ ရိက္ခာငွေကျပ် ၃၀၀၀၀ ရရှိမည်ဖြစ်ပြီး နေအိမ်၊ ယူနီဖောင်း၊ ဆေးကုသစရိတ်နှင့် အခြားထောက်ပံ့မှုများ အခမဲ့ရရှိမည်ဖြစ်ကြောင်း၊ ၁၀ တန်းအောင်မြင်ပြီးပါက အရာရှိတက်ရောက်ခွင့်ရှိကြောင်းနှင့် သင်တန်းကို နိုဝင်ဘာဒုတိယပတ်အတွင်း ပို့ချသွားမည်ဖြစ်ကြောင်း ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**ပုလော(ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများ တစ်ဦးချင်းဝင်ငွေရရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ လက်မှုပညာများ အခမဲ့သင်ကြားပေး

**ကျောက်ဆည် နိုဝင်ဘာ ၁**

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ တစ်ဦးချင်းဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်မှုပညာများ အခမဲ့သင်ကြားပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျားကာကျေးရွာအုပ်စုအတွင်း နေထိုင်လျက်ရှိသော ပြည်သူများအား သရက်ကိုင်းကူးမျိုးပွားနည်းသင်တန်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းပို့ချရာတွင် ခရိုင်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးသိုက်က ယခုသင်ကြားပေးမည့် သရက်ကိုင်းကူးပညာရပ်သည် မိမိတို့ဒေသနှင့် ကိုက်ညီသောပညာရပ်ဖြစ်သောကြောင့် သင်တန်းတက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သေချာဂရုတစိုက် သင်ယူသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက သင်တန်းမှသင်ကြားပေးလိုက်သော ပညာရပ်များကို သေချာလေ့လာသင်ယူသွားကြပြီး မိသားစုဝင်ငွေတိုးပွားရေး လုပ်ဆောင်သွားကြရန်နှင့် မိမိတို့တတ်ကျွမ်းထားသောပညာရပ်များကို လက်ဆင့်ကမ်းသင်ကြားပေးသွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်သင်ကြားပို့ချသော သရက်ကိုင်းကူးမျိုးပွားနည်းသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုတို့ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး သင်တန်းသို့ ကျားကာကျေးရွာမှ သရက်စိုက်တောင်သူများနှင့် အနီးအနားရှိ စိတ်ပါဝင်စားသည့် ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ တစ်ဦးချင်းဝင်ငွေရရှိရေးအတွက် လက်တွေ့အသုံးချ လက်မှုပညာသင်တန်းများအဖြစ် ကွန်ပျူတာသင်တန်းနှင့် ပန်းရန်လက်သမားသင်တန်းများ အခမဲ့ဖွင့်လှစ်ပို့ချခဲ့ပြီး ယခုဖွင့်လှစ်ပေးလျက်ရှိသော သရက်ကိုင်းကူးပညာရပ်သင်တန်းသည် တတိယအကြိမ်မြောက်သင်တန်းဖြစ်ကြောင်း သိရသည်။**သက်မောင်**

## ကျောက်ဆည်ကန်တွင် ရေလှိုင်းရိုက်ခတ်မှုကြောင့် ပျက်စီးနေသည့်ကန်ပေါင်အားပြန်လည်ပြုပြင်မြေဖို့

**ပျော်ဘွယ် နိုဝင်ဘာ ၁**

ပျော်ဘွယ်မြို့နယ်အတွင်း မိုးများရွာသွန်းမှုကောင်းခြင်း၊ ရေစီးဝင်မှုကောင်းခြင်းတို့ကြောင့် ကျောက်ဆည်ကျေးရွာအုပ်စုနှင့် ရွှေညောင်ဖူးကျေးရွာအုပ်စုအနီးရှိ ကျောက်ဆည်ကန်သည် ကန်ရေဝင်ရောက်မှု မြင့်တက်ခဲ့သည်။ ရေလှိုင်းရိုက်ပုတ်မှုဒဏ်ကြောင့် ကန်ပေါင်အလျားပေ ၂၀၀ ခန့်သည် ကျိုးပေါက်ခြင်းမရှိသော်လည်း ကျိုးပေါက်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သော် လူအင်အားသုံး၍ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အတားအဆီးများ၊ သဲအိတ်များဖြင့် ကာရံခြင်းပြုလုပ်ခဲ့ကြောင်းသိရသည်။



ကျောက်ဆည်ကန်သည် ရေလှိုင်းရိုက်ပုတ်မှုကြောင့် ပျက်စီးသွားသည့် ကန်ပေါင်အလျားပေ ၂၀၀ ခန့်အား ကျောက်ဆည်ကျေးရွာ၊ ပုတီးကုန်းကျေးရွာ၊ ရွှေညောင်ဖူးကျေးရွာ၊ ကျောက်ချပ်ကျေးရွာတို့မှ ပြည်သူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မှသန္ဓေနှင့်အရန်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကုန်းသာကျေးရွာအုပ်စု၊ သဲပုတ်ကျေးရွာအနီးမှ သဲများသယ်ယူ၍ သဲအိတ်များဖြင့်မြေဖို့ကာရံခြင်း၊ သစ်၊ ဝါး၊ မျောတိုင်များဖြင့် တားဆီးကာရံခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျောက်ဆည်ကန်အား ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အကြီးစားပြင်ဆင်ခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်း၊ ကန်ပေါင်အလျားမှာ ပေ ၁၄၅၀၀ရှိပြီး လယ်မြေဧက ၆၅၀၀ ခန့်ကို စိုက်ပျိုးရေပေးနေသည့် ရေကန်ကြီးဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**သာပေါင်း နိုဝင်ဘာ ၁**

သာပေါင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ပြည်အေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဒေါ်မေသူထက်မှ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဆင်းပွဲ အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းအမှာစကားပြောကြားရာတွင်မီးသတ်တပ်ဖွဲ့များသည် မီးငြိမ်းသတ်ရုံ တစ်ခုတည်းဆောင်ရွက်ရတာမဟုတ်ဘဲ အသက်ကယ်ဆယ်ရေးလုပ်ငန်းတွေပါ ဆောင်ရွက်ရသောကြောင့် မီးဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်သည်ဖြစ်စေ၊ လူ့အဖွဲ့အစည်းအတွင်းမှာ ဖြစ်ပျက်တတ်လေ့ရှိသော မတော်တဆမှုများနှင့် စက်ရုံ၊ အလုပ်ရုံ မတော်တဆဖြစ်မှုတွေဖြစ်၍ ပိတ်မိနေသူ၊ ဒုက္ခရောက်နေသူများကို အန္တရာယ်စက်ကွင်းထဲ ဝင်ရောက်ပြီး စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နှင့် ကယ်တင်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် အစုလိုက်၊ အဖွဲ့လိုက် ညီညီညွတ်ညွတ် အားကြိုးမာန်တက် ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတစ်လွှားမှာ သဘာဝကြောင့်ဖြစ်ပွားသောဘေးနှင့် လူကြောင့်ဖြစ်ပွားသောဘေးဆိုသည့် အန္တရာယ်များ နှစ်စဉ်ပိုမိုဖြစ်ပွားလာလျက်ရှိရာ ပျက်စီးဆုံးရှုံးမှု ပမာဏမှာလည်း ပိုမိုများပြားလာတာတွေ့ရကြောင်း၊ မည်သို့သောဘေးအန္တရာယ်မျိုးများ ကျရောက်လာသည်ဖြစ်စေ နိုင်ငံတော်နှင့်ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုလျော့ပါးရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားရန်လိုအပ်သည့်အတွက် ယခုလိုလေ့ကျင့်ရေးမွမ်းမံသင်တန်းများ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားအားဦးစားပေး ကူညီစောင့်ရှောက်ကာကွယ်ပေးရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရန်၊ ပြည်သူများအားကိုးအားထားပြုသောတပ်ဖွဲ့ဖြစ်လာစေရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်မြှင့်တင်လေ့ကျင့်ကြပြီး မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်တာဝန်များကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆)တွင် ထူးချွန်သင်တန်းသားတပ်ဖွဲ့ဝင်များကို ဆုများချီးမြှင့်ကြရာ စစ်ရေးပြထူးချွန်ဆုရ အရန်မီးသတ်တပ်စုမှူး တေဇာထွန်း၊ မီးသတ်ပညာထူးချွန်ဆုရ အရန်မီးသတ်တပ်ကြပ်ကြီး အောင်မိုးလွင်၊ ရှာဖွေကယ်ဆယ် ထူးချွန်ဆုရ အရန်မီးသတ် တပ်ကြပ်သက်ထွေးတို့အား ဆုများအသီးသီးချီးမြှင့်ဂုဏ်ပြုခဲ့ကြသည်။ အခမ်းအနားသို့ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဒေါ်မေသူထက်၊ ဒုရဲမှူး ဦးသိန်းဇော်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# ထိုင်ဝမ်သင်္ဘောသီးများ လှိုင်လှိုင်ပေါ် စိုက်ပျိုးရောင်းချသူများ အဆင်ပြေ



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိချောင်းတက်ကျေးရွာတွင် သီးထပ်သီးညှပ်အဖြစ်စိုက်ပျိုးသော ထိုင်ဝမ်သင်္ဘောသီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ သင်္ဘောပင်စိုက်ပျိုးသူများ ဝယ်ယူရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အမရပူရမြို့နယ်အတွင်းရှိ မိချောင်းတက်ကျေးရွာနှင့် အခြားကျေးရွာများတွင် ထိုင်ဝမ်သင်္ဘောကို သံပရာပင်များအကြား သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ သင်္ဘောပင်အတွက် ရေပေးသွင်းသည့်အခါ သံပရာပင်အတွက်ပါ ရေပေးသွင်းပြီးဖြစ်အောင် ကြံဆောင်စိုက်ပျိုးကြခြင်းဖြစ်သည်။ သီးထပ်သီးညှပ်အဖြစ်စိုက်ပျိုးရန်အတွက် ထိုင်ဝမ်သင်္ဘောမျိုးစေ့ကို ဝယ်ယူကာ ပျိုးထောင်ကြရသည်။

ပျိုးထောင်မှုမပြုလုပ်မီ ပျိုးအိတ်အတွင်း မြေဆီမြေဆွေးများကို ရောစပ်ထည့်ကာ ပိုးသတ်ထားရသည်။ ပိုးသတ်ပြီး မျိုးအိတ်အတွင်း ထိုင်ဝမ်သင်္ဘောမျိုးစေ့ထည့်ကာ ပျိုးထောင်ကြရသည်။ ပျိုးထောင်ပြီး ၄၅ ရက်အကြာတွင် မြေချကာ စိုက်ပျိုးကြရသည်။ သံပုရာပင်အကြား စနစ်တကျကျင်းပြုလုပ်ကာ စိုက်ပျိုးပြီး ရက်ခြားရေလောင်းကာ ပြုစုရသည်။ ရေလောင်းခြင်း၊ ပေါင်းဆွခြင်း၊ မြေသြဇာကျွေးခြင်းများကို စနစ်တကျပြုလုပ်ကာ စိုက်ပျိုးကြရသည်။

မြေချစိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင် အပင်ပတ်လည် ပေါင်းဖို့ခြင်းများပြုလုပ်ပေးရသည်။ နောက်ပိုင်းတွင် အပင်ခြေ ပေါင်းမရှုပ်ရေး ဂရုတစိုက်ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီးခြောက်လကျော် ခုနစ်လတွင် သင်္ဘောပင်များ အပွင့်ပွင့်ကြသည်။ စတင်စိုက်သည်မှစကာ ရှစ်လ၊ ကိုးလတွင် သင်္ဘောသီးဆွတ်ခူးကြရသည်။ လက်ရှိကာလတွင် သံပရာပင်အကြား သီးထပ်သီးညှပ်အဖြစ်စိုက်ပျိုးသော သင်္ဘောပင်များ အသီးလှိုင်လှိုင်ဆွတ်ခူးနေရပြီဖြစ်သည်။ သီတင်းကျွတ်လဆန်းပိုင်းတွင် သင်္ဘောသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ခန့်မှ စတင်ရောင်းချရသည်။ လက်ရှိကာလ အသီးလှိုင်လှိုင်ပေါ်ခြင်း၊ မိုးရွာသွန်းခြင်းများကြောင့် ဈေးနှုန်းကျဆင်းကာ တစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် ရောင်းချနေရသည်။

သီးထပ်သီးညှပ်အဖြစ် သင်္ဘောပင်သုံးရာခန့်စိုက်ပျိုးပါက ငွေကျပ်သိန်း ၃၀ မှ ၄၀ အထိ ရရှိသည်။ သင်္ဘောသီးမှာ ဈေးကွက်ခိုင်မာပြီး ဝယ်ယူသူများကိုယ်တိုင် ခြံထဲအထိကိုယ်တိုင်ဆွတ်ခူးသည့်စနစ်ဖြင့် ရောင်းချပေးကြသည်။ သင်္ဘောသီးရောင်းချရာတွင် အစိမ်းရောင်းချခြင်းနှင့် အမှည့်ရောင်းချခြင်းဟူ၍ နှစ်မျိုးနှစ်စားရောင်းချကြသည်။

**တိမ်တမန်**

## ဒေသခံပြည်သူများဆက်သွယ်သွားလာမှုအဆင်ပြေစေရေးကွန်ကရစ်လမ်းများခင်းမည်

**ဝါးခယ်မ နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုကို အောက်တိုဘာနောက်ဆုံးအပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးနှင့် ဝန်ထမ်းများလိုက်ပါလျက် ကွင်းဆင်းစိစစ် ဆောင်ရွက်ခဲ့သည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများအနေဖြင့် ကျုံမငေးမြို့တွင် အရှည် ၅၅၇ ပေ၊ အကျယ် ၇ ပေ၊ ထု ၆ လက်မရှိ မြမာလာ ၅ လမ်းကို စုစုပေါင်းကုန်ကျငွေ ၆၂ သိန်းဖြင့်လည်းကောင်း၊ အရှည် ပေ ၁၃၅၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ နဒီအောင်မြေရပ်ကွက်စက်ရုံလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျပ်သိန်း ၁၁၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၁၀၃ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အရှည် ၁၃၁၇ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ရွှေလောင်းကျေးရွာအုပ်စု မေတ္တာလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၁၃၈ ဒသမ ၇ သိန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၆၉ ဒသမ ၃ သိန်းဖြင့်လည်းကောင်း၊ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်းကုန်ကျေးရွာအုပ်စု အောက်ဥယျာဉ်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၁၀၅ ဒသမ ၄ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၆ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးရုံးမှ သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

## ဥဿရံ–ကညင်းအင်း–ဝန်ဖို့ကျေးရွာချင်းဆက် မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်

**ထားဝယ် နိုဝင်ဘာ ၁**

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ ၆၇ ဒသမ ၃၂ သန်းဖြင့် တင်ဒါအောင်မြင်သော NICE N.S.T Co., Ltd မှ ရေဖြူမြို့နယ် ဥဿရံ(အနောက်)-ကညင်းအင်း-ဝန်ဖို့(အနောက်) ကျေးရွာချင်းဆက်မြေသားလမ်း ( ၃/၁ မိုင် × ၁၈ ပေ × ၂ ပေ) မြေသားလမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းနယ်ချဲ့ခြင်းလုပ်ငန်းများအား သတ်မှတ်အရည်အသွေးပြည့်မီရန် အောက်တိုဘာနောက်ဆုံးပတ်တွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ရေဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှထွေး၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် တာဝန်ရှိသူများ၊ ကျေးရွာတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဝင်များက လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြေသားလမ်းအကျယ်ချဲ့ပေးခြင်းဖြင့် ဥဿရံ(အနောက်)-ကညင်းအင်း-ဝန်ဖို့(အနောက်)ကျေးရွာများရှိ အိမ်ထောင်စု ၁၂၂၊ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀ ကို အကျိုးပြု၍ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်

**ဗန်းမောက် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက မြနန္ဒာဘုန်းတော်ကြီးကျောင်းဇရပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခူးပိုလီကပ်က အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်သင်ကြားပို့ချပေးရခြင်းရည်ရွယ်ချက်များ၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များနှင့် စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မီးသတ်သင်တန်းသားများအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက ဗလာစာအုပ်များနှင့် ဘောပင်များကို မြို့နယ်မီးသတ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗန်းမောက်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ရေးမြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံ၌ ရင်ခွဲရုံအသစ် တိုးချဲ့တည်ဆောက်

**ရေး နိုဝင်ဘာ ၁**

ရေးမြို့ရှိပြည်သူ့ဆေးရုံမှာ ခုတင် ၁၀၀ ဆံ့ဆေးရုံဖြစ်လာသည်နှင့်အမျှ ဆေးရုံအင်္ဂါရပ်နှင့်အညီဖြစ်ရန် ယခင်က သက်တမ်းနှစ်ပေါင်း ၄၅ နှစ်ခန့်ရှိပြီဖြစ်သော ရင်ခွဲရုံဟောင်းအစား မြို့နေစေတနာရှင်၊ ထည့်ဝင်အလှူငွေများဖြင့် စုပေါင်းကာ ရင်ခွဲရုံအသစ်တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ မြို့နေအလှူရှင်တွေနဲ့ ထည့်ငွေပေါင်းကျပ်သိန်း ၅၀ ရရှိထားပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၅၀ ခန့်လောက်ကုန်ကျပါမယ်။ အရင်က ရုပ်အလောင်းတွေကို ရင်ခွဲရုံမှာထားရှိရာမှာ ရုပ်ဝေးသေဆုံးသူတွေအတွက်ထားဖို့နဲ့ မှုခင်းဆရာဝန်က တခြားရုပ်လောင်းတွေအတွက် လုပ်ဆောင်ဖို့အခက်ခဲရှိနေလို့ အခုလို အသစ်တိုးချဲ့တည်ဆောက်ခြင်းဖြစ်ပါတယ်"ဟု တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်ကော်မတီအတွင်းရေးမှူး ဦးကျော်မိုးအေးက ပြောသည်။

အဆိုပါရင်ခွဲရုံအဆောက်အအုံမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စတုရန်းပေ ၉၀၀ အကျယ်ရှိကာ ရုပ်အလောင်းထားရှိရန် ရှစ်ခန်း၊ ရင်ခွဲရုံတစ်ခန်း၊ ကားရပ်နားရာနေရာ၊ ရင်ခွဲခုတင်နှစ်စုံ၊ မှုခင်းဆရာဝန်ရုံးခန်းတစ်ခန်း၊ သေဆုံးသူအား လာရောက်ပို့ဆောင်သူများ နားနေရာပါရှိပြီး ဝမ်းနိုင်ဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူကြီးကြပ်ကာ ဒီဇိုင်းဆွဲ၍ အချိန်တစ်လဖြင့် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

**ထွဋ်ထွဋ်(ရေး)**

## စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ရေး လူထုစုပေါင်းစက်ဘီးစီးပွဲ သံဖြူဇရပ်၌ဆင်နွှဲ

**သံဖြူဇရပ် နိုဝင်ဘာ ၁**

သံဖြူဇရပ်မြို့နယ် စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် လူထုစုပေါင်းစက်ဘီးစီးပွဲကို သံဖြူဇရပ်မြို့တွင် အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီခွဲမှစတင်ကာ မြို့နယ်အားကစားပြိုင်ဝင်းမှ စက်စဲကမ်းခြေသို့ အသွားအပြန်မိုင် ၂၀ ခရီးကို စက်ဘီးသမား ၁၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။



အဆိုပါလူထုစုပေါင်းစက်ဘီးစီးပွဲတွင် အသက် ၆၇ နှစ်ရှိ အသက်ကြီးတန်းအရွယ်များအပါအဝင် အသက် ၁၃ နှစ်အရွယ် အသက်ငယ်တန်းခြောက်ဦးနှင့် အမျိုးသမီး ၂၅ ဦးခန့်ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ပြိုင်ဘီးစီးသူတွေ အတော်များများရှိနေပါတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် စီးနင်းနေကြတော့ စက်ဘီးဝါသနာရှင်တွေကို အစုအဖွဲ့အဖြစ် ပေါင်းစည်းမှုဖြစ်ချင်တာရယ်၊ မျိုးဆက်သစ်စက်ဘီးသမားတွေ ပေါ်ထွက်လာစေဖို့နဲ့ ကျန်းမာရေးအတွက် အထောက်အကူပြုဖို့ရည်ရွယ် ကျင်းပတာဖြစ်ပြီး ကျင်းပတဲ့အခါမှာလည်း စနစ်ကျတဲ့ယှဉ်ပြိုင်စီးနင်းသူတွေဖြစ်စေဖို့အတွက် ပြိုင်ဘီးတွေနဲ့သာ ပါဝင်စီးနင်းစေခဲ့ပါတယ်" ဟု စက်ဘီးစီးပွဲကျင်းပရေးအဖွဲ့ဝင် ဦးလွန်းသိန်းက ပြောကြားခဲ့သည်။

စက်ဘီးစီးပွဲတွင် မြို့နယ်အားကစားအရာရှိ ဦးမင်းမင်းရှိန်၊ မွန်ပြည်နယ်စက်ဘီးဆပ်ကော်မတီအတွင်းရေးမှူး ဦးကံထွန်းနှင့် အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ လမ်းခရီးတစ်လျှောက် ပါဝင်ကူညီခဲ့ပြီး ညနေ ၅ နာရီတွင် မြို့နယ်အားကစားပြိုင်ဝင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ၃၄ ကြိမ်မြောက်ကျန်းမာရေးအလှူတော်ကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၁**

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၃၄) ကြိမ်မြောက် ကျန်းမာရေးအလှူတော်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့တွင်အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီခန့်က သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ဦးစီးပဓာနနာယကဆရာတော် အရှင်ဆန္ဒာဓိကမှ ဩဝါဒစကားချီးမြှင့်ခဲ့ပြီးနောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရိုန်ဝင်းက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရွှေပါရမီဖောင်ဒေးရှင်းနှင့် သနပ်ပင်မြို့သူမြို့သားများ ပူးပေါင်းကာ အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်တွင် အခမဲ့ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆေးဝါးကုသပေးမှုတွင် မျက်စိနား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ အရိုးအကြော၊ အရေပြားနှင့်အထွေထွေရောဂါများကိုအထူးကုဆရာဝန်ကြီး ကိုးဖွဲ့နှင့် တိုင်းရင်းဆေးကုသရေးအဖွဲ့တို့က စမ်းသပ်ခွဲစိပ်ကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ယင်းသို့ ကျန်းမာရေးအလှူပေးဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်အတူ ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင်ကူညီပေးခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ပြင်သစ်နိုင်ငံမှ ဆပ်ကပ်ပညာရှင်များအဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ဖျော်ဖြေတင်ဆက်

**သာကေတ နိုဝင်ဘာ ၁**

ပြင်သစ်နိုင်ငံမှ ဆပ်ကပ်ပညာရှင် Master Sarah ဦးဆောင်၍ ပြင်သစ်အဖွဲ့သားများ၊ အစ္စရေးလူမျိုး၊ အာဂျင်တီးနား၊ စပိန်၊ အီသီယိုးပီးယားအဖွဲ့ဝင်များပါဝင်သည့် ရွှေလိပ်ပြာဆပ်ကပ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်မှစတင်၍ နိုဝင်ဘာ ၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ အောင်သုခကုမ္ပဏီဝင်း (Capital) ရှေ့တွင် နေ့စဉ် ည ၇ နာရီမှ ၉ နာရီအထိ တင်ဆက်လျက်ရှိသည်။

ပြင်သစ်ဆပ်ကပ်အဖွဲ့ (The Golden Circus) သည် စက်တင်ဘာလလယ်တွင် မြန်မာနိုင်ငံမှ အူဘာလင်း(ဘ်)ဒါးကုမ္ပဏီ (Uberlebende Communication Co.,Ltd.) ဒါရိုက်တာ (Master Ronald) နှင့် အထွေထွေမန်နေဂျာ မအိမွန်သွယ်တို့၏ ဖိတ်ခေါ်မှုဖြင့် ရောက်ရှိခဲ့ပြီး ဖျော်ဖြေမှုမှာ နိုင်ငံတကာအဆင့်မီပြကွက်များဖြင့် တင်ဆက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ မျက်လှည့်ပညာရှင် ပဥ္စလက်ကိုခိုင်ကလည်း ဧည့်သည်တော်အဖြစ် ပါဝင်တင်ဆက်ပြသခဲ့ကြောင်း ပွဲစီစဉ်သူ မအိမွန်သွယ်က ပြောခဲ့သည်။



နိုင်ငံတကာသို့ လှည့်လည်တင်ဆက်သည့် ထိုဆပ်ကပ်အဖွဲ့သည် အဆင့်မီရွက်ဖျင်ရုံကြီးအား ပြင်ဆင်၍ စက်တင်ပစ္စည်းပြည့်စုံစွာဖြင့် ခေတ်ပေါ်အနောက်တိုင်း ဂီတပညာရှင်များ ပါဝင်တီးမှုတ်သီဆို၍ ဖျော်ဖြေလျက်ရှိကာ ကြည့်ရှုသူပရိသတ် ကျေနပ်နှစ်သက်မှုကို ရရှိစေခဲ့သည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မိတ္ထီလာ၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့သို့ လှည့်လည်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစိုး (ဆိပ်ကမ်း)**

## ပန်းရံဆရာကြီး ဂူဂူရဆာမိ၏လက်ရာ တံခါးရွက် ၉၉ ချပ်ရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း



**မင်းဘူး နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အောက်ကျောင်းကျေးရွာ သမိုင်းဝင်အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီပရဝုဏ်အနီး အောက်ကျောင်း ကျောင်းတိုက်အတွင်း၌ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်ခန့်ရှိ ဘုန်းတော်ကြီးကျောင်းသည် တံခါးရွက်ပေါင်း ၉၉ ချပ်ရှိကာ ပန်းရံဆရာကြီး ဂူဂူရဆာမိ၏ ဗိသုကာလက်ရာဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းကြီး၏ မူလပထမကျောင်းထိုင်ဆရာတော်မှာ ဦးတေဇဖြစ်ပြီး နောက်ဆရာတော်ဦးကောဏ္ဍည၊ ဦးကောသလ္လတို့က အဆင့်ဆင့် ကျောင်းထိုင်ဆရာတော်အဖြစ် ကျောင်းတော်ကြီးအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ယခုလက်ရှိကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝရလက်ထက်ထိတိုင်ရှိပြီဖြစ်ကြောင်း သိရသည်။

"ဒီကျောင်းကြီးကို ကျောင်းဒါယကာ ဦးမြတ်ကျော်-ဒေါ်ဗိုင်းပုံတို့က လှူထားတာပါ။ အဘတို့မမွေးခင်ကတည်းက ဒီကျောင်းကြီးက ဆောက်ပြီးနေပါပြီ။ ဂျပန်တွေဗုံးကြဲတော့ ကျောင်းကြီးများထိလေမလား၊ မြေတုန်ခါမှုကြောင့် ပြိုကျလေမလား စိုးရိမ်ခဲ့ရတာ" ဟု အသက် ၉၂ နှစ်ရှိပြီဖြစ်သော ကြာကန်ကျေးရွာသားတစ်ဦးဖြစ်သူ အဘိုးဦးစံမြက ပြောသည်။

"ရှေးဟောင်းကျောင်းကြီးဆိုတော့ ရှေးဗိသုကာလက်ရာတွေကို ထိန်းသိမ်းဖို့လိုအပ်တယ်" ဟု လက်ရှိကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝရက မိန့်ကြားခဲ့သည်။

တံခါး ၉၉ ချပ်ပါရှိ၍ ကိုးဆယ့်ကိုးတံခါးကျောင်းတိုက်ဟုခေါ်ဆိုသော အဆိုပါကျောင်းကြီးမှာ နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ပန်းရံဆရာများ လာရောက်ကာဆောက်လုပ်ခြင်းဖြစ်သည့်အတွက် အိန္ဒိယဟန်၊ မွန်ဟန်များပါဝင်နေသည်ဟု သမိုင်းသုတေသီ ဦးကျော်စိန်ဝင်းက ပြောသည်။ **ဖိုးပြည့်**

## စပါးဈေးနှုန်းကျဆင်းခြင်းကြောင့် အရောင်းအဝယ်နည်းပါးနေ၍ တောင်သူများအခက်အခဲများကြုံ

**ရေတာရှည် နိုဝင်ဘာ ၁**

ယခင်နှစ် မိုးစပါးရိတ်သိမ်းချိန်တွင် စပါးဝယ်ယူသူများပြားကာ ပေါ်ဦးစ စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းကျော်ပေါက်ဈေးရှိပြီး တောင်သူများ ဝင်ငွေကောင်းမွန်ခဲ့သော်လည်း ယခုနှစ် မိုးစပါးပေါ်ချိန် တောင်သူများက ဝယ်ယူမည့် ပွဲစားများကို ပြန်လိုက်ရှာဖွေနေရကြောင်း ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာ အုပ်စု မှန်စီကျေးရွာနေ ဦးတင်ဝင်း၏ပြောပြချက်အရ သိရသည်။

"ဒီနှစ် နေရာအနှံ့ ပိုးတွေတအားကျတယ်။ ဆေးတွေဖျန်းလေ ပိုးတွေကျလေကိုဖြစ်နေတာ။ အကုန်အကျများသလောက် စပါးထွက်နှုန်း မကောင်းဘူး။ နောက် လုပ်အားခတွေကတိုးတော့ တောင်သူတွေအရှုံးပေါ်တယ်"ဟု ၎င်းက ဆက်၍ပြောသည်။

ယခုနှစ်တွင် အပြောင်းအလဲမြန်သည့် ရာသီဥတုနှင့် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်ခြင်းကြောင့် ထွက်နှုန်းကျဆင်းခဲ့ရသည်။

စပါးစိုက်တောင်သူများအနေဖြင့် ခတ်မြေဩဇာကြွေး၊ စိုက်ပျိုးစရိတ်ချေးငွေများအပြင် အခြားသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအသုံးစရိတ်များကြောင့် အကြွေးသံသရာလည်နိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်။

ယင်းအပြင် တောင်သူများဝင်ငွေကျဆင်းလာခြင်းကြောင့် ဈေးရောင်း၊ ဈေးဝယ်များနည်းပါးလျက်ရှိနေကြောင်း မြို့ဈေးများတွင် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူများက "ဈေးဆိုင်တွေ အကုန်ရောင်းအားပါးကုန်တယ်။ ဈေးဆိုင်တွေက တောင်သူတွေ အပေါ်တည်မှီနေရတာ။ အခုဆို စပါးဈေးကမကောင်းတော့ ငွေသိပ်မသုံးနိုင်ကြတော့ဘူး။ စပါးဈေးပြန်ကောင်းပါစေလို့ပဲ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ဆိုင်းအဖွဲ့များကလည်း ယခုကထိန်ရာသီတွင် ဆိုင်းပွဲရရှိမှုနည်းပါးသည့်အပြင် နွေရာသီ ရှင်ပြုအလှူပွဲများနည်းပါးသွားမည်ကို စိုးရိမ်လျက်ရှိနေကြောင်း "တောင်သူတွေ အဆင်ပြေမှ အလှူက လှူနိုင်ကြမှာ။ အခုအတိုင်းဆိုရင် ဆိုင်းပွဲတွေတောင် နည်းသွားမယ့်သဘောဖြစ်နေတယ်" ဟု ရေတာရှည်မြို့နေ ဆိုင်းဆရာတစ်ဦးကဆိုသည်။

လက်ရှိ မိုးစပါးများရိတ်သိမ်းလျက်ရှိရာတွင် နေ့စဉ်လိုလို မိုးများရွာသွန်းလျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်များ ပြန်လည်ထွက်ခွာသွားပြီဖြစ်၍ ရိတ်သိမ်းရန် အခက်အခဲများနှင့်လည်း ကြုံတွေ့နေရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မန္တလေးတိုင်းဒေသကြီး ခရီးသည်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရေး လုပ်ငန်းစဉ်များ ဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပုဂ္ဂလိက ရေယာဉ်များကြီးကြပ်ရေးကော်မတီ တိုင်းဒေသကြီး ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများ ဌာနခွဲ (အထက်မြန်မာပြည်)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ခရီးသည်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ စည်းဝေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ် စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးစိုးနိုင် (၂)နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်ပုဂ္ဂလိက ရေယာဉ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များတက်ရောက်ခဲ့ကြောင်းသိရသည်။

**အေးမြ(မန္တလေး)**

## လွှတ်တော်အတွေ့အကြုံများကို ဌာနဆိုင်ရာများနှင့် ပြည်သူများအားတွေ့ဆုံရှင်းလင်း

**ကနီ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ လွှတ်တော်အတွေ့အကြုံများကို ဌာနဆိုင်ရာ၊ ပြည်သူများအား တွေ့ဆုံရှင်းလင်းခြင်းကို အောက်တိုဘာ ၃၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က လွှတ်တော်အတွေ့အကြုံများ၊ မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လွှတ်တော်အတွင်း လုပ်ငန်းဆောင်ရွက်မှုကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းများနှင့် ပတ်သက်သည့် အတွေ့အကြုံများအား ပြောကြားခဲ့သည်။ အခမ်းအနားသို့ ကနီမြို့ရှိဌာနဆိုင်ရာများ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သန်းဌွေးအောင်(ကနီ)**

## ဆိပ်သာကျေးရွာ စာပေမြတ်နိုးသူများ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**ကြံခင်း အောက်တိုဘာ ၃၀**

ကျေးလက်နေပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်ကာ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော နိုင်ငံအကျိုးပြု သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာ စာပေမြတ်နိုးသူများ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက ဆိပ်သာကျေးရွာဧရာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ စာပေမြတ်နိုးသူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူး ဦးအေးပျိုက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအားပြောကြားခဲ့ပြီး စာကြည့်တိုက်ကို တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်စောဝတ်ရည်၊ မက်သနောလ်စက်ရုံမှူး ဦးဝင်းလှိုင်၊ ဆိပ်သာတိုက်နယ်ဆရာဝန် ဒေါက်တာအောင်ကျော်သူ၊ ဆိပ်သာရဲကင်းမှူးရဲအုပ်မျိုးဇော်မြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်နှင့် ကျေးရွာမှ စာပေမြတ်နိုးသူ ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# “မိဘများ စာများများဖတ်ကြပါ”

မောင်သောင်းဝင်း(စစ်ကွင်း)



စာအုပ်စာပေသည် လူသားအားလုံးကိုအကျိုးပြုနေသည်ဆိုသော ပကတိအရှိတရားကို ကျွန်ုပ်တို့အားလုံး လက်ခံထားကြရမည်ဖြစ်သည်။ လောကတွင် စာပေနှင့်တူသော အလင်းရောင်းလည်း မရှိပေ။ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ကို ထိုစာပေကသာ ပေးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် စာတတ်သော်လည်း စာမဖတ်သူများရှိနေကြသဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် နေ့စဉ်နီးပါး ဖတ်ရှုနေရသည်။

အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးဝကျေးရွာ မိုင်တိုင် ၂၀ ၌ သရဲဝင်ပူးနေသည်ဟုဆိုကာ ပယောဂဆရာမှရိုက်နှက်ကုသရာမှ မိန်းကလေး ၂ ဦးနှင့် ယောကျာ်းလေး ၁ ဦး သေဆုံးပြီး မိန်းကလေး ၁ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သောသတင်းသည် ဓာတ်ပုံများနှင့်တကွ လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသည်။ စာရေးသူသည် မိဘတစ်ဦးအနေဖြင့် အပြစ်မဲ့သောကလေးငယ်များအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ အခြားသောမိဘများသည်လည်း စာရေးသူကဲ့သို့ ခံစားနေကြရမည်ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော နှစ်ရက်၊ သုံးရက်လောက်ကလည်း ဧရာဝတီတိုင်းဒေသကြီးရှိ မြို့တစ်မြို့တွင် အလားတူ ပယောဂကုသပေးနေသည့် ဗွီဒီယိုဖိုင်တစ်ဖိုင်တက်လာသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြည့်ရှုခဲ့ရသည်။ ထိုကျောင်းတွင် ပယောဂဆရာဆိုသူများက အစိမ်း၊ အဖြူဝတ်ထားသော ကျောင်းသူကလေးသုံးဦးကို ဆူပူငေါက်ငမ်းခြိမ်းခြောက်ပြီး ပယောဂထုတ်နေသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာမြင်ကွင်းပင်ဖြစ်သည်။ ထိုကျောင်းမှ ဆရာ၊ မိဘများသည် ကလေးငယ်များ၏ စိတ်ခံစားချက်ကို နားမလည်ရော့လေသလား။ ထိုကလေးငယ်များ၏ နုနယ်သောနှလုံးသားတွင် မည်သို့ခံစားနေရမလဲ။ ကိုယ်ချင်းစာစိတ်ဖြင့် တွေးကြည့်သင့်ပေသည်။

ပညာတတ်များဖြစ်ကြသည့် ပညာရေးဝန်ထမ်းများသည် တစ်လုံးမျှမသိသော နကန်းတွေကို မည်သည့်အတွက်ကြောင့်များ ထိုသို့ကုသခွင့်ပြုခဲ့သလဲ။ ထို့အတူ မိဘများကလည်း အတွေးခေါ်တိမ်ကြပါသည်။ ယခုတွံတေးဖြစ်စဉ်သည်လည်း မိဘများ အသိပညာ ဗဟုသုတနည်းသဖြင့် အပြစ်မဲ့ကလေး ၃ ဦး၏ အသက်စတေးခဲ့ရခြင်းဖြစ်သည်။ ထိုဖြစ်စဉ်တွင် လူသတ်တရားခံ ပယောဂဆရာဆိုသူအပြင် မိဘများကိုလည်း နောင်ကြင်အောင် ပြင်းပြင်းထန်ထန် အရေးယူသွားသင့်သည်။ မိဘများ၊ ဆရာများသည် သား၊ သမီးများနှင့် ကလေးငယ်များကို မှန်ကန်စွာ ဦးဆောင်လမ်းပြနိုင်ရန် စာများများဖတ်ဖို့ အချိန်တန်နေပြီဖြစ်သည်။

ယခင်က ကျေးလက်နေပြည်သူများသာ ရိုးသားပြီး နုံဖျင်းကြသော်လည်း လက်ရှိအချိန်တွင် မြို့ပြဒေသရှိ ပြည်သူများသည်လည်း အသိခေါက်ခက်အဝင်နက်လာကြသည်။ သူများပါးစပ်တွင် လမ်းဆုံးနေကြသည်။ အကြောင်းအရာတစ်ခုကို ခြေခြေမြစ်မြစ် ခွဲခြားစိတ်ဖြာခြင်းမရှိဘဲ ယောင်ဝါးဝါးဖြင့်သာ ဆုံးဖြတ်နေကြသည်။ လူအများစုသည် ဗေဒင်မေး၊ ယတြာချေ၊ နတ်ကတော်အားကိုးပြီး နတ်ပွဲပေး၊ ပယောဂဆရာပင့်ပြီး လွဲမှားစွာအားကိုးနေကြသည်။ အရင်းစစ်လိုက်တော့ ဗဟုသုတခေါင်းပါးကြခြင်းဖြစ်သည်။ ဟိုလူပြောဟုတ်နိုးနိုး၊ ဒီလူပြောဟုတ်နိုးနိုးဖြင့် လိုက်လုပ်ကြသည်။ ထိုသို့လုပ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် သာဓကများမှာလည်း များနေပြီဖြစ်သည်။

ထိုပြဿနာအရင်းအမြစ်ကို ဆန်းစစ်ကြည့်လိုက်လျှင် စာရေးသူတို့မြန်မာများ စာဖတ်အားနည်းလာကြသောကြောင့်ဖြစ်သည်။ အထူးသဖြင့် မိဘများနှင့် ဆရာ၊ ဆရာမများ စာဖတ်ဖို့လိုနေပြီဖြစ်သည်။ စာမဖတ်သူများ၊ စာဖတ်အားနည်းသူများကို လိမ်ညာဖို့ရန်သည် အလွယ်ကူဆုံးအလုပ်ဖြစ်သည်။ ထို့အပြင် မြန်မာအများစုသည် ဘာသာရေးနှင့်စပ်လျဉ်း၍လည်း ထဲထဲဝင်ဝင် လေ့လာကိုးကွယ်မှုမျိုး လိုအပ်နေပြီဖြစ်သည်။ အချို့သောအိမ်များရှိ ဘုရားကျောင်းဆောင်များတွင် ဗုဒ္ဓဘုရားဆင်တုတော်များအပြင် အခြားသောရုပ်တုများကိုပါ တွေ့လာရသည်။ ဗုဒ္ဓဘာသာစစ်စစ်သည် ထိုသို့ရောထွေးကိုးကွယ်မှုမျိုး ပြုလုပ်မည်မဟုတ်ချေ။

ထို့ကြောင့် “စာအုပ်စာပေလူ့မိတ်ဆွေ”၊ “အလိမ္မာစာမှာရှိ” ဆိုသည်စကားများအတိုင်း ဗဟုသုတနှင့် အသိပညာတို့ကို ထိုစာအုပ်စာပေများမှသာ တူးဆွရှာဖွေရရှိနိုင်ပါသည်။ ထိုစာပေများကို အကျိုးရှိစွာရွေးချယ်ဖတ်ရှုနိုင်ရန်သည် လူသားတို့၏တာဝန်ပင်ဖြစ်သည်။ လူသားတို့သည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုခြင်းဖြင့် ဗဟုသုတများပြည့်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှသည် အကောင်းနှင့် အဆိုး၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်ထိ တိုးတက်လာမည်ဖြစ်သည်။

လူငယ်များသည်ပင်လျှင် စာကောင်းပေမွန်များကို ဖတ်ရှုထားလျှင် အမှားကျူးလွန်နိုင်မှုအခွင့်အလမ်းနည်းလာမည်ဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့သည် မိမိတို့၏ရင်သွေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်သည့် အလေ့အထကောင်းများ မွေးမြူပေးထားသင့်သည်။ စာပေလေ့လာထားသည့် လူငယ်များပေါများသည့် နိုင်ငံသည် တိုးတက်ရန်အခွင့်အလမ်းကောင်းများ ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အသက်အရွယ်၊ ပညာအရည်အချင်းအလိုက် ဖတ်ရှုသောစာပေလည်း ကွဲပြားနိုင်ပါသည်။

လွန်ကဲသောစေတနာများဖြင့် ကလေးငယ်များအား စွယ်စုံကျမ်းများ၊ ရာဇဝင်များနှင့် အတ္ထုပ္ပတ္တိစာအုပ်များကဲ့သို့သော ခက်ခဲသည့်စာပေများကိုစ၍ မဖတ်ခိုင်းသင့်ပေ။ ရွှေသွေး၊ မိုးသောက်ပန်းနှင့် တေဇရုပ်စုံစာအုပ်များ၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်မိတ်ဆက်ပေးသင့်သည်။ ကလေးငယ်များစာဖတ်သည့်အလေ့အထ စွဲမြဲလာစေရန်သည် ကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများထားရှိပေးထားရန်ပင်ဖြစ်သည်။

အထူးသဖြင့် အားလပ်သည့်ရုံးပိတ်ရက်များတွင် မိသားစုလိုက် စာကြည့်တိုက်သွားသည့်အလေ့အထကို မွေးမြူသင့်ပါသည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးတို့အတွက် စာအုပ်မျိုးစုံရှိပါသည်။ မိဘများသည် ကလေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်စေရန် လမ်းညွှန်ပြသပေးသင့်ပါသည်။ မိဘများကိုယ်တိုင်သည်လည်း အကျိုးရှိသောစာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူဖြစ်အောင် ကြိုးပမ်းလေ့လာ ဖတ်ရှုထားသင့်ပါသည်။

ညစဉ် အိပ်ရာမဝင်မီ တစ်နေ့တာအချိန်အတွင်း မည်သည့်ဗဟုသုတကို လေ့လာဖတ်ရှုခဲ့သလဲဟု ပြန်လည်စဉ်းစားသုံးသပ်သင့်ပါသည်။ စာလုံးဝမဖတ်ရသေးဘူးဆိုလျှင် ၁၅ မိနစ်ခန့်ဖတ်ပြီးမှသာ အိပ်စက်အနားယူသင့်ပါသည်။ ထို့ကြောင့် စာအုပ်ကောင်းများကို အိပ်ရာဘေးနှင့် ဧည့်ခန်းတို့တွင် အဆင်သင့်ထားရှိသင့်ပါသည်။ ဧည့်ခန်းထဲတွင် ရုပ်မြင်သံကြားစက်နှင့် စာအုပ်စင်ကို ယှဉ်ထားကြည့်ပါ။ မိသားစုဝင်များ၏ ရုပ်မြင်သံကြားကြည့်ချိန်နှင့် စာဖတ်ချိန် ယှဉ်ထိုးကြည့်ပါ။ စာဖတ်ချိန်များလျှင် ထိုမိသားစုသည် တစ်နေ့တခြားတိုးတက်မည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် စာအုပ်စင်မှာ ဖုံတက်နေပြီး ရုပ်သံဇာတ်လမ်းတွဲများကိုသာ ငမ်းငမ်းတက်ကြည့်နေမည်ဆိုလျှင် ထိုမိသားစု၏ အနာဂတ်သည် မတွေးဝံ့စရာပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် လတ်တလောမြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသောသတင်းများသည် အသိပညာ ဗဟုသုတခေါင်းပါးသောကြောင့်သာဖြစ်သည်။ ထိုအသိပညာ ဗဟုသုတကို စာပေကသာ ရရှိနိုင်သည်။ စာဖတ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ အထူးသဖြင့် မိဘများ၊ ဆရာသမားများသည် စာများများဖတ်ဖို့ရန် လိုအပ်နေပြီဖြစ်သည်။ သို့မှသာလျှင် လူငယ်များကို မှန်ကန်စွာ ဦးဆောင်လမ်းပြကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါသည်။

အကျိုးပြုစာပေများကို အချိန်ယူပြီး တဖြည်းဖြည်းချင်းဖတ်ရှုခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ လူတစ်ဦးချင်းစီ စာဖတ်နှုန်းတိုးတက်လာမှုကြောင့် ဒုစရိုက်လုပ်ငန်းများ လျော့ကျလာစေမည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေပါသည်။ စာဖတ်နာသောလူများဖြင့် စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် တိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသောပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မိဘများသည် အသိပညာ ဗဟုသုတ တိုးပွားအောင် တန်ဖိုးရှိသော စာကောင်းပေမွန်များကို အကျိုးရှိစွာ ဖတ်မှတ်လေ့လာပြီး သား၊ သမီးများကို တော်တည့်မှန်ကန်စွာ လမ်းပြကာကွယ် စောင့်ရှောက်နိုင်သူများဖြစ်ကြပါစေ။

# ရိုးရိုးကလေးက ဆန်းနေသည်

သရက်တန်းစိုးရွှေ(စိတ်ပညာ)

ရိုးရိုးကလေးက ဆန်းနေသည်ဟု ဆိုလိုက်သည်နှင့် အမြန်ဖတ်ကာ ရိုးသားခြင်း၊ ကလေးနှင့်အတူ ဆန်းတာတွေပါတွေးပြီး ရိုးရိုးကလေး၊ အထူးတန်းကလေး၊ အလတ်တန်းကလေးအဖြစ် တွေးမိကောင်း တွေးမိပါလိမ့်မည်။ ဆိုလိုသည်ကတော့ ရိုးတာလေးတွေကိုက ဆန်းနေတာကို တင်ပြလိုခြင်းပင်ဖြစ်သည်။ ဖတ်စရာမှတ်စရာ မြတ်သောစာဆိုသော ခေါင်းစဉ်ကလေးအောက်တွင် ဆရာနိုင်ဆက်ပန်တင်ပြထားသော စာတိုကလေးများကို ဖတ်မိပြီး အတွေးတို့ ဇာချဲ့မိသွားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သတင်းစာတစ်စောင်လုံး ဖတ်ပြီး တိုးတက်ရေးအတွက် တွေးတောခြင်းဆိုလျှင် လည်းမှားမည်မထင်ပါချေ။

ဂုဏ်သိက္ခာတစ်ခုကို တည်ဆောက်ရန် အချိန်ကာလအားဖြင့် အနှစ် ၂၀ ကြာသည်။ ဖျက်ဆီးရန်အတွက်မူ ငါးမိနစ်မျှသာကြာသည်။ (ဝါရင်ဘတ်ဖတ်)အဆိုပင်ဖြစ်သည်။ အရိုးသားဆုံး ပြောထားသည့်တိုင်အောင် ဆန်းနေ ခေတ်မီနေပြီး အလွယ်တကူကျူးလွန်ကာ ကိုယ့်နာမည် ကိုယ်ဖျက်သွားသူများကိုလည်း တွေးနေမိလိုက်ပေသည်။ လူသည်အခြားသူကို လိမ်ကောင်းလိမ်နိုင်မည်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုတော့ဖြင့် လိမ်၍မရနိုင်သည့်တိုင်အောင် ညာနေတတ်ကြပေသည်။ ကိုယ့်သိက္ခာ၊ ကိုယ့်အကျင့်၊ ကိုယ့်လုပ်ရပ်အတွက် ကိုယ်တိုင်ဂုဏ်ယူအပ်သည့်အရာများစွာကို ကိုယ်တိုင်ပြုနိုင်သည့် အခွင့်အရေး လူတိုင်းတွင်ရှိနေပေသည်။ စည်းကမ်းဟုဆိုလိုက်သည်နှင့် လိုက်နာရမည့်အရာဟု တွေးခြင်းထက် တင်းကျပ်သည့်အရာ ဖောက်ဖျက်ရမည့်အရာဟုများ တလွဲတွေးနေကြပြီလားဟုပင် အတွေးရောက်ရင်း သတင်းစာထဲမှာ မေတ္တာရပ်ခံချက်ကလေးကို သေချာဖတ်ရှုမိလိုက်ပေသည်။

မြို့တော် သန့်ရှင်းသာယာရေးအတွက် ပူးပေါင်းကူညီပါရန် မေတ္တာရပ်ခံခြင်းတဲ့။ အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသည့်နေရာမှလွဲ၍ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို မပြုရေး၊ မြစ်၊ ချောင်း၊ မြောင်း၊ ကန်ထဲတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမပြုရေး၊ အမှိုက်စွန့်ပစ်ရန် ထားရှိပေးထားသော အုတ်ကန်၊ သံကန်၊ အမှိုက်ပုံးများအတွင်း အမှိုက်များကို စနစ်တကျ အရောက်ကူညီ စွန့်ပစ်ပေးရေးမှအစ ပြည်သူလူထု အပန်းဖြေနေရာများ၌ စားသောက်ပြီး အမှိုက်များကို စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းမပြုရေးတို့ကို မေတ္တာရပ်ခံထားခြင်းကို သတိပြုမိသွားပေသည်။ မြို့တော်သန့်ရှင်းသပ်ရပ်စေရန်အတွက် အရေးပါသည့်အချက် တစ်ဦးချင်းစီ စည်းကမ်းလိုက်နာရမည့်အချက်ပါလားဟုတွေးမိရင်း ကိုယ်တိုင်၏ လုပ်ရပ်ကိုယ်တိုင်၏ ဂုဏ်သိက္ခာကိုထူထောင်ခြင်းအကြောင်း ဆက်စပ်တွေးဖြစ်သွားပေသည်။

လူတိုင်းရိုးသားခွင့်ရှိသည်။ လူတိုင်းကြိုးစားခွင့်ရှိနေပါသည်။ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ စည်းကမ်းလိုက်နာခြင်းများဖြင့် ကိုယ်တိုင်၏ ဂုဏ်သိက္ခာကို ထူထောင်နိုင်မည်ဖြစ်သည်။ သူများအကျိုး ပျက်စီးအောင်မလုပ်ခြင်းဖြင့် လူကောင်းဘဝကိုခံယူနိုင်ပေသည်။ သူများအကျိုး ပျက်စီးအောင်လိမ်ညာမှု မပြုခြင်းဖြင့် ကိုယ်တိုင်၏ယုံကြည်မှုကို တည်ဆောက်ယူနိုင်ပေသည်။ ကိုယ့်အကြောင်းကိုသိကာ စည်းကမ်းရှိစွာနေထိုင်ခြင်းဖြင့် ကိုယ်တိုင်က ချစ်ခင်လေးစားရသော ကိုယ်ဖြစ်အောင်ပြုပြင်နေထိုင်နိုင်မည်ဖြစ်သည်။ မြို့ရွာသာယာရေးအတွက် သတ်မှတ်စည်းကမ်းကို လိုက်နာရင်း ကိုယ်တိုင်က စည်းကမ်းရှိစွာဖြင့် မြို့ရွာအကျိုး သယ်ပိုးနေပါလားဆိုသော ဂုဏ်ယူတတ်သည့်စိတ်ကို ကိုယ်တိုင်မွေးမြူနိုင်ပေသည်။ ထိုမှတစ်ဆင့် အမြင့်ကိုတွေးကာ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးကို ဆောင်ရွက်သူအဖြစ် ကိုယ့်ကိုယ်ကို ထုဆစ်နိုင်မည်ဖြစ်ပေသည်။

သေချာပါသည်။ မတိုးတက်ခြင်းမှာ စည်းကမ်းမလိုက်နာခြင်းနှင့် ကိုယ့်သိက္ခာကိုလုံအောင် မစွမ်းဆောင်ခြင်းများကြောင့်ဟု တွေးဆနိုင်ပေသည်။ လူတိုင်းက ကိုယ့်တာဝန်ကို ကျေပွန်နေသမျှ ကိုယ်နေထိုင်ရာနေရာ၊ ကိုယ်နေထိုင်ရာမြို့၊ ကိုယ်နေထိုင်ရာ တိုင်းပြည်အကျိုး သယ်ပိုးထမ်းရွက်နိုင်မည်ဖြစ်ပေသည်။ ကိုယ်တိုင်၏ ကြိုးစားမှုဖြင့် ကိုယ့်ဘဝတိုးတက်ရေးကို လမ်းခင်းပေးသွားရမည်ဖြစ်ပေသည်။ ရှေ့သို့ဆိုသောနေရာကို မရောက်ဘဲ နောက်ကိုလှည့်ကြည့်နေရသမျှ တာဝန်မကျေပွန်သူများနေခြင်း သင်္ကေတဟုပင်တွေးဆနိုင်ပါပေသည်။ သို့အတွက် တာဝန်ကျေပွန်သူဟု ခံယူနိုင်ရေး၊ ကိုယ့်သိက္ခာကိုယ်လုံရေးအတွက် ကိုယ်တိုင်ရိုးသားခြင်းနှင့် ပေးဆပ်လုပ်ကိုင်ရမည်သာဖြစ်သည်။

ရိုးရိုးကလေးများပင်ဖြစ်သည်။ သို့သော် ဆန်းနေပါပေသည်။ အယောင်ဆောင်ပညာရှိသည် အပြစ်ကိုသာရှာပြီး အမှားကို ထောက်ပြတတ်သည်။ ပညာရှိအစစ်အမှန်သည် အမှန်ကိုချီးကျူးပြီး အမှားကို ပြုပြင်ပေးတတ်သည်။ (အရှင်မဟာဗုဒ္ဓဃောသ)၊ လက်ရှိကာလဖြစ်ပျက်မှုတွင်မူ ဆင်ဆယ်ကောင်ဖမ်းပေးသော်လည်း မချီးကျူးဘဲ ကြွက်တစ်ကောင်လွတ်လျှင်ဖြင့် အပြစ်ပြောသည့်သူများသာ များနေပေသည်။ အောက်ခြေမှ ကြိုးစားပေးဆပ်ခြင်းများကို အလေးဂရုမပြုဘဲ ကိုယ်တိုင်နာမည်ရရေးအတွက်သာ ကြိုးစားသူကို ချနင်းပြီး ကိုယ်တိုင်စွမ်းဆောင်ပြသည့်အလား ဟန်ဆောင်ထားသူတို့ကိုလည်း တွေ့နေရမြဲပင်ဖြစ်ပေသည်။ ခေတ်ကာလစကားအရမူ အထက်ဖားကာ အောက်ဖိရင်း အရည်အချင်းရှိသူတို့ ဆုံးရှုံးရခြင်းများ ကြုံတွေ့နေတတ် ကြပေသည်။ တိုင်းပြည် မကြီးပွား မတိုးတက်တာ မျိုးချစ်စိတ် မရှိလို့ မဟုတ် ဘူး။ ပညာမတတ်ကြလို့။ (ဆရာအောင် သင်း)၊ သေချာပါပြီ။ ကိုယ်နေထိုင်ရာ နေရာကလေးကိုသာကြည့်ပြီး မာနမဝင်ဖို့ လိုနေပါချေပြီ။ မျက်စိကိုဖွင့် နားကိုစွင့်ရင်း အစွဲအဟောင်းကို အလွဲအပြောင်း လုပ်စွန့် ပစ် သင့်ပါ ပြီ။



ခေတ်မီသော အတွေးအခေါ် အယူအဆများဖြင့် တိုးတက်သော ဘဝတစ်ခုကို တည်ဆောက်ရတော့မည်ဖြစ်ပေသည်။ အရာရာကို ဂရုတစ်စိုက်ပြုဖို့ လိုအပ်သွားပါချေပြီ။ လောက၌ အများဆုံးမှား၍ ဖွင့်မိသော အရာသည် လူ့ပါးစပ်ပေါက်ဖြစ်သည်။ (ဆရာဖေမြင့်)၊ အကျိုးမရှိသောစကားကိုဆိုရင်း အချိန်ဖြုန်းခြင်းကို ရပ်တန့်ရမည်ဖြစ်သည်။ ဝေဖန်လေကန်ကာ လက်တွေ့ပြုလုပ်မှု မရှိသည်ကို ရှောင်ရှားရမည်ဖြစ်သည်။ ကိုယ်ထူ ကိုယ်ထ၊ ကိုယ့်အား ကိုယ်ကိုးရင်းဖြင့် ကိုယ်တိုင်၏ ဂုဏ်ကိုမြှင့်တင်ရမည်ဖြစ်ပေသည်။

အမှားမရှိတဲ့လူဟာ ဘာမှမလုပ်တဲ့လူပဲ။ (အဲလ်ဘတ်အိုင်းစတိုင်း)၊ မမှားဖူးသူ မရှိပါချေ။ မှားကြပေလိမ့်မည်။ သို့သော် အမှားကိုပြင်ရဲသော သတ္တိဖြင့် အမှန်ဆီ ချီတက်ရမည်ဖြစ်ပေသည်။ ရိုးရိုးကလေးက ဆန်းနေတတ်ပါသည်။ ကိုယ်တိုင်က စည်းကမ်းလိုက်နာသူအဖြစ်နှင့် ဂုဏ်ယူလိုက်ကြပါစို့၊ ကိုယ်တိုင်က ကြိုးစားခြင်းဖြင့် ကိုယ့်သိက္ခာကို စောင့်ထိန်းကြပါစို့၊ ပညာဆည်းပူးရင်းဖြင့် တိုင်းပြည်တိုးတက်ဆောင်စွမ်းဆောင်ကြပါစို့၊ အကျိုးမရှိသော လုပ်ရပ်ကိုထားကာ အကျိုးရှိသည်များကို ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း ရိုးရိုးကလေးက ဆန်းနေသည်ဆိုခြင်းကို တင်ပြလိုက်ရပေသည်။

## တောင်စွန်း-ကျီးပင်လမ်းကွန်ကရစ်လမ်းဖောက်လုပ်ရန် တိုင်းတာမှုပြုလုပ်

**ဘီးလင်း နိုဝင်ဘာ ၁**

